နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း


တင်ပြသူများ

- ဒေါ်ခင်ရူပါဦး
  လက်ထောက်ညွှန်ကြားရေးမှူး
  သုတေသနနှင့်လေ့ကျင့်ဌာနခွဲ

- ဒေါ်အိလဲ့နိုင်
  လက်ထောက်ညွှန်ကြားရေးမှူး
  ငွေစာရင်းနှင့် ဘတ်ဂျက်ဌာနခွဲ

- ဒေါ်ဟေမာသိန်း
  ဒုတိယဦးစီးမှူး
  တရားစီရင်ရေးဌာနခွဲ



ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်

# ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| ၁။ | နိုင်ငံ၏ ပထဝီဝင်အနေအထား | ၂ |
| ၂။ | နိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း | ၃–၈ |
| ၃။ | ၁၉၉၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း | ၈ |
| ၄။ | နိုင်ငံတော်အခြေခံမူများ | ၈–၁၂ |
| ၅။ | နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ | ၁၂ |
| ၆။ | ဥပဒေပြုရေး | ၁၂–၁၆ |
| | (က) အထက်လွှတ်တော် | |
| | ( ခ ) အောက်လွှတ်တော် | |
| ၇။ | အုပ်ချုပ်ရေး | ၁၇–၂၀ |
| | (က) နိုင်ငံတော်သမ္မတ | |
| | ( ခ ) အစိုးရအဖွဲ့ | |
| | ( ဂ ) ဝန်ကြီးချုပ် | |
| ၈။ | တရားစီရင်ရေး | ၂၀–၂၄ |
| | (က) တရားလွှတ်တော်ချုပ် | |
| | ( ခ ) တရားသူကြီးများ လိုက်နာရမည့် တရားစီရင်ရေးအခြေခံမူများ | |
| | ( ဂ ) ရှေ့နေချုပ်နှင့် အစိုးရဥပဒေရုံးများ | |
| ၉။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး | ၂၄–၂၅ |
| ၁၀။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းနိုင်သူများနှင့် တင်သွင်းနိုင်သည့်ကိစ္စရပ်များ | ၂၅–၂၇ |
| ၁၁။ | ဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရ လွှတ်တော်များ (The Maslikhats) | ၂၇–၂၉ |

၁၂။ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များ ၂၉-၃၀

၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း ၃၀-၃၁

၁၄။ သုံးသပ်ချက် ၃၁-၃၇

(က) နိုင်ငံတော်သမ္မတ၏ အာဏာကို လေ့လာတွေ့ရှိချက်အပေါ် သုံးသပ်ချက်

(ခ) ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ အခန်းကဏ္ဍအပေါ် သုံးသပ်ချက်

(ဂ) ပြည်တွင်း နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခွင့်၊ ပြည်တွင်းအသင်းအဖွဲ့များ တည်ထောင်ခွင့်နှင့် နိုင်ငံတော်အဖွဲ့အစည်းများအတွင်း ပါတီတည်ထောင်ခြင်းကို ကန့်သတ်ခြင်း၊ ပြည်ပနိုင်ငံရေးပါတီ၊ အလုပ်သမားသမဂ္ဂများ၊ဘာသာရေးအခြေခံသောပါတီများ၊ငွေကြေးထောက်ပံ့မှုများကို တားမြစ်ခြင်းအပေါ် သုံးသပ်ချက်

(ဃ) ကာဇက်စတန်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုအတွက် နိုင်ငံတကာဆက်ဆံမှုအပေါ် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လေ့လာသုံးသပ်ခြင်း

(င) အထွေထွေသုံးသပ်ချက်

နိဂုံး ၃၇-၃၈

ကျမ်းကိုးစာရင်း

# ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအား လေ့လာတင်ပြခြင်း

**နိဒါန်း**

၁။ ကာဇက်စတန်သမ္မတနိုင်ငံသည် ယခင်ဆိုဗီယက်ယူနီယံတွင်ပါဝင်ခဲ့ပြီး နောက်ဆုံးခွဲထွက်သည့် နိုင်ငံဖြစ်သည်။ ကာဇက်စတန်သမ္မတနိုင်ငံသည် ဆိုဗီယက်ယူနီယံ ပြိုကွဲချိန် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။[1] ကျင့်သုံးသည့် ဥပဒေစနစ်မှာ ဥရောပဥပဒေ (Civil Law) စနစ်ကိုကျင့်သုံးသည့် နိုင်ငံဖြစ်သည်။

၂။ ကာဇက်စတန်နိုင်ငံတွင် ပြည်နယ် ၁၇ ပြည်နယ်နှင့် အထင်ကရမြို့ကြီး ၃ မြို့ရှိပြီး ၎င်းအထင်ကရမြို့ကြီး ၃ မြို့ဖြစ်သည့် Almaty၊ Astana နှင့် Shymkent မှာ မည်သည့် ပြည်နယ်တွင်မှ ပါဝင်ခြင်းမရှိဘဲ ၎င်းတို့အား "State Importance" သို့မဟုတ် "City of Republican Significance" ဟု သတ်မှတ်ထားပါသည်။[2]

၃။ ကာဇက်စတန်သည် လွတ်လပ်သောနိုင်ငံများ၏ ဓနသဟာယ[3]၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့[4]၏ အဖွဲ့ဝင်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ကာဇက်စတန်၊ ရုရှား၊ ဘီလာရုစ်၊ ကာဂျစ်စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့သည် အကောက်ခွန်သမဂ္ဂအောက်တွင် လွတ်လပ်သောကုန်သွယ်မှုဇုန်ဖန်တီးရန်နှင့် ကုန်သွယ်ခွန် စည်းကြပ်ရန်အတွက် Eurasian Economic Community ကို ထူထောင်ခဲ့သည်။ ကာဇက်စတန်သမ္မတနိုင်ငံသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

၄။ ကာဇက်စတန်သမ္မတနိုင်ငံသည် ကုလသမဂ္ဂ၊ ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ယူရို-အတ္တလန်တိတ် မိတ်ဖက်ကောင်စီ၊ Turkic Council နှင့် အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) တို့၏ အဖွဲ့ဝင်လည်းဖြစ်သည်။ ၎င်းသည် ငြိမ်းချမ်းရေးအတွက် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့၏ မိတ်ဖက်ဆက်ဆံရေးအစီအစဉ်တွင် တက်ကြွစွာပါဝင်သူဖြစ်သည်။[5]

---

[1] https://en.wikipedia.org/wiki/Kazakhstan (Independence)

[2] https://en.wikipedia.org/wiki/Kazakhstan (Administrative division)

[3] Commonwealth of Independent States

[4] Shanghai Cooperation Organization

[5] https://en.wikipedia.org/wiki/Kazakhstan (Foreign Relation)

**နိုင်ငံ၏ပထဝီဝင်အနေအထား**

၅။ ကာဇက်စတန်သမ္မတနိုင်ငံသည် အာရှအလယ်ပိုင်းနှင့် ဥရောပအရှေ့ပိုင်းတွင် တည်ရှိပြီး ကမ္ဘာပေါ်တွင် ၉ နိုင်ငံမြောက် အကြီးမားဆုံးနိုင်ငံဖြစ်ကာ အကြီးဆုံးကုန်းတွင်းပိတ်နိုင်ငံလည်း ဖြစ်သည်။ အကျယ်အဝန်းမှာ ၂,၇၂၇,၃၀၀ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး အနောက်ဥရောပ ထက်ပင်ပို၍ ကျယ်ပြန့်သည်။ မြောက်နှင့်အနောက်ဘက်တွင် ရုရှားနိုင်ငံ၊ အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ တောင်ဘက်တွင် ကာဂျစ်စတန်နိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံနှင့် တာ့ခ်မင်နစ္စတန်နိုင်ငံနှင့် အေရယ်လ်ပင်လယ်(Aral Sea)တို့ရှိပြီး ကက်စပီယန်ပင်လယ် (Caspian Sea)နှင့်လည်း နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ လူဦးရေမှာ ၁၇.၇ သန်းရှိသည်။

၆။ ကာဇက်စတန်သမ္မတနိုင်ငံတွင် လူမျိုးစု ၁၃၁ မျိုးနေထိုင်ပြီး ကာဇက်၊ ရုရှား၊ ယူကရိန်း၊ ဂျာမန်၊ ဥဇဘက်၊ တာတာနှင့် ဝီဂါလူမျိုးများပါဝင်သည်။ လူဦးရေ၏ ၆၇ % မှာ ကာဇက်လူမျိုးများ ဖြစ်ပြီး ၇၀% မှာ အစ္စလာမ်ဘာသာကိုးကွယ်ကြသည်။ ၂၆% မှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်သည်။ အသုံးပြုသည့်ငွေကြေးမှာ ထန်ဂီ (Tenge) ဖြစ်သည်။ ကာဇက်စတန်သမ္မတနိုင်ငံ၏ မြို့တော်မှာ အက်စတာနာမြို့ဖြစ်ပြီး ယခင်က နာဆူလ်တန် (Nursultan) ဟုလူသိများခဲ့သည်။ ရုံးသုံးဘာသာ စကားမှာ ကာဇက်နှင့် ရုရှားဘာသာစကားတို့ ဖြစ်သည်။[6]




---

[6] https://my.wikipedia.org/wiki/ကာဇက်စတန်

## နိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း

၇။ ကာဇက်စတန်နိုင်ငံ တည်ရှိရာနယ်မြေတွင် ရှေးအခါက နောမက် (ခေါ်) နေရာ အတည် တကျမရှိ လှည့်လည်သွားလာနေသော လူမျိုးစုများ နေထိုင်ခဲ့ကြသည်။ ထိုလှည့်လည် သွားလာ နေထိုင်သူများသည် အရှေ့ဘက်နှင့် အနောက်ဘက်မှ ကာဇက်စတန်သို့ ရွှေ့ပြောင်းလာကြပြီး ၎င်းတို့ထဲတွင် ဆာကာ (saka) ဟုခေါ်သော အင်ဒို-အီရန်လူမျိုးများ အများအပြားပါဝင်သည်။ ၁၃ ရာစုတွင် ကာဇက်စတန်အား မွန်ဂိုအင်ပါယာမှ သိမ်းပိုက်ခဲ့ပြီး နှစ်ပေါင်း ၂၀၀ကျော်ကြာ အနောက် မွန်ဂိုနိုင်ငံဟု ခေါ်သည့် Golden Horde က ထိန်းချုပ်ထားခဲ့သည်။ ၁၆ရာစုအရောက်တွင် ကာဇက် လူမျိုးများသည် သီးခြားလူမျိုးစုများအဖြစ် ထင်ရှားလာပြီး ကာဇက်စတက်ပ် မြက်ခင်းပြင်ကို နယ်မြေသုံးခုအဖြစ် ပိုင်းခြားကာ အုပ်ချုပ်လေသည်။ ၁၈ရာစုအတွင်း ရုရှားလူမျိုးများသည် ကာဇက်စတက်ပ် မြက်ခင်းပြင်များကို စတင်ကျူးကျော်လာပြီး ၁၉ ရာစု အလယ်ပိုင်းရောက်သော် ကာဇက်စတန်သည် ရုရှားအင်ပါယာ၏ အစိတ်အပိုင်း ဖြစ်လာသည်။ ၁၉၃၆ ခုနှစ်တွင် ဆိုဗီယက် ပြည်ထောင်စု၏ အစိတ်အပိုင်း ဖြစ်လာသည်။[7]

၈။ ၁၈ ရာစုတွင် စတင်ခဲ့သော ကာဇက်၏နယ်မြေကို တိုက်ခိုက်သိမ်းပိုက်ပြီး ရုရှား အင်ပါယာ လက်အောက်သို့ ကျရောက်စေခြင်းသည် ရှည်လျားပြီးရှုပ်ထွေးသည့် ဖြစ်ရပ်တစ်ခုဖြစ်သည်။ နောက်ဆုံးတွင် ကာဇက်စတန်နယ်မြေအားလုံးသည် ရုရှား၏ အထိန်းသိမ်းခံ ဖြစ်ခဲ့သည်။ ရုရှား အာဏာပိုင်များသည် ကာဇက်စတန်ပိုင်နက်နယ်မြေပေါ်တွင် ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်မှုစနစ် နှင့် ဥပဒေများကို စတင်ကျင့်သုံးလာခဲ့သည်။

၉။ ရုရှားနိုင်ငံတွင် ၁၉၁၇ ခုနှစ်၌ ဖြစ်ပွားခဲ့သော အောက်တိုဘာတော်လှန်ရေးသည် နိုင်ငံရေး ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အခြေအနေအသစ်တစ်ရပ်ကို ဖော်ဆောင်ပေးခဲ့သည်။ ၁၉၂၀ ပြည့်နှစ်၌ ကာဇက်စတန်နိုင်ငံသည် ဆိုဗီယက်ထိန်းချုပ်မှုအောက်တွင် ၎င်း၏ကိုယ်ပိုင်ဖြစ်သည့် နိုင်ငံရေး စနစ်ကို ပထမဆုံးအကြိမ်အဖြစ် တရားဝင်လက်ခံရရှိခဲ့ပြီး ကာဇက်စတန်နိုင်ငံသည် ဆိုဗီယက် ဆိုရှယ်လစ် သမ္မတနိုင်ငံ (USSR) တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ သမ္မတနိုင်ငံအဖြစ် ပါဝင်လာခဲ့သည်။[8]

၁၀။ ကာဇက်စတန်သမ္မတနိုင်ငံသည် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ၎င်း၏ ပိုင်နက်နယ်မြေအား ဆိုဗီယက်ပြည်ထောင်စုအတွင်းရှိ သမ္မတနိုင်ငံတစ်နိုင်ငံအဖြစ် ကြေညာခဲ့ သည်။ ၁၉၉၁ ခုနှစ် ဩဂုတ်လတွင် မော်စကိုမြို့၌ အာဏာသိမ်းရန်ကြိုးပမ်းမှုကို ဖျက်သိမ်းပြီးနောက် ကာဇက်စတန်နိုင်ငံသည် ၁၉၉၁ခုနှစ် ဒီဇင်ဘာလတွင် လွတ်လပ်ရေးရရှိခဲ့သည်။ ကာဇက်စတန် နိုင်ငံ၏ ကွန်မြူနစ်ခေတ်ခေါင်းဆောင် Nursultan Nazarbayev သည် နိုင်ငံ၏ ပထမဆုံး သမ္မတ

[7] https://my.wikipedia.org/wiki/kazakhstan

[8] Encyclopedia of world constitutions

ဖြစ်လာခဲ့သည်။ Nursultan Nazarbayev သည် ၁၉၈၉ ခုနှစ်တွင် ကာဇက် SSR ၏ ခေါင်းဆောင်ဖြစ်ခဲ့ပြီး ကာဇက်စတန်နိုင်ငံကို လွတ်လပ်ရေးရအောင် ဦးဆောင်ခဲ့သူဖြစ်သည်။

၁၁။ ၁၉၉၇ ခုနှစ်တွင် အစိုးရက ကာဇက်စတန်မြို့တော်ကို နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် Almaty မှ Astana သို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် Nur-Sultan ဟုအမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ သမ္မတ Nursultan Nazarbayev သည် ၂၉ နှစ်ကြာ သမ္မတရာထူးထမ်းဆောင်ပြီးနောက် ၂၀၁၉ ခုနှစ် မတ်လတွင် ရာထူးမှနုတ်ထွက်ခဲ့သည်။ သို့သော်လည်း ၎င်းသည် သြဇာကြီးမားသော လုံခြုံရေးကောင်စီကို ဆက်လက်ဦးဆောင်နေပြီး နိုင်ငံ့ခေါင်းဆောင်အမည်ခံ၍ တည်ရှိနေခဲ့သည်။ ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် ကာဇက်စတန်နိုင်ငံ၏ အထက်လွှတ်တော်ဥက္ကဋ္ဌ Kassym-Jomart Tokayev က အနိုင်ရရှိခဲ့ပြီး သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် လောင်စာဆီဈေးမြှင့်တက်မှုကြောင့် နိုင်ငံရေးမငြိမ်သက်မှုများ ဖြစ်ပွားပြီးနောက် သမ္မတ Kassym-Jomart Tokayev သည် သြဇာကြီးမားသော လုံခြုံရေးကောင်စီ၏ အကြီးအကဲအဖြစ် တာဝန်ယူခဲ့ပြီး Nursultan Nazarbayev အား ရာထူးမှဖယ်ရှားခဲ့သည်။ နောက်ပိုင်းတွင် သမ္မတ Kassym-Jomart Tokayev သည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ရန်နှင့် သမ္မတဟောင်း Nursultan Nazarbayev ၏ နိုင်ငံ့ခေါင်းဆောင်အမည်ခံမှုကို ဖယ်ရှားရန်ရည်ရွယ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များကို အဆိုပြုခဲ့သည်။ ကာဇက်လူမျိုးများသည် ၂၀၂၂ ခုနှစ်တွင် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်ချက်များကို ထောက်ခံအတည်ပြုပေးခဲ့သည်။ ၂၀၂၂ခုနှစ် စက်တင်ဘာလတွင် နိုင်ငံ၏ မြို့တော်ကို Nur-Sultan မှ Astana သို့ ပြန်ပြောင်းခဲ့သည်။[9]

## ၁၉၂၆ ခုနှစ်၊ ကာဇက် ASSR (Kazakh Autonomous Socialist Soviet Republic)၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (Sub- State Constitution)

၁၂။ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအနက် ၁၉၂၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစောဆုံးဖြစ်ပြီး ယင်းဥပဒေကို ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ (The Union of Soviet Socialist Republic) (USSR) တည်ထောင်ပြီးနောက် ကာဇက် ASSR ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အရ ၁၉၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ကာဇက်စတန်သမ္မတနိုင်ငံသည် ဆိုဗီယက် ရုရှား ဆိုရှယ်လစ် သမ္မတနိုင်ငံ (RSFSR)၏ အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၂၅ ခုနှစ် ဆိုဗီယက်ရုရှား ဆိုရှယ်လစ်သမ္မတနိုင်ငံ (The Russian Soviet Federative Socialist Republic)

[9] https://en.wikipedia.org/wiki/History_of_Kazakhstan

(RSFSR)၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရေးဆွဲခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် အစိုးရအဖွဲ့ ဖွဲ့စည်းပုံ၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံရေးစနစ်၊ ပြည်နယ်အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်ပုံများကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် ငွေစာရင်းဆိုင်ရာဥပဒေ၊ မဲပေးပိုင်ခွင့်နှင့် စပ်လျဉ်း၍ အခြေခံမူများကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဆိုဗီယက် ရုရှား ဆိုရှယ်လစ်သမ္မတနိုင်ငံ (The Russian Soviet Federative Socialist Republic) (RSFSR)၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် ကာဇက်စတန်သမ္မတနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ USSR တွင်ပါဝင်သော အခြားသမ္မတနိုင်ငံများနည်းတူ တန်းတူအခွင့်အရေးရရှိခဲ့သည်။[10]

## ၁၉၃၇ ခုနှစ်၊ ကာဇက် SSR (Kazakh Soviet Socialist Republic) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (Sub- State Constitution)

၁၃။ ၁၉၃၆ ခုနှစ်တွင် ကာဇက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသမ္မတနိုင်ငံကို ဆိုဗီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံအဖြစ်သို့ ပြန်လည်ဖွဲ့စည်းခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု၏ အဆင့်အမြင့်ဆုံး အစိတ်အပိုင်းများအနက်မှ တစ်ခုဖြစ်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် သမ္မတနိုင်ငံသစ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ဝင်ခဲ့သည်။[11]

၁၄။ ကာဇက်SSR ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၀ကြိမ်မြောက် ဆိုဗီယက်၏ကာဇက်ကွန်ဂရက်က ၁၉၃၇ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း ၁၁ ခန်းနှင့် ပုဒ်မပေါင်း ၁၂၅ ခုပါဝင်သည်။ "ဆိုဗီယက်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄[12]ပါ USSR ၏ အမြင့်ဆုံးသော အာဏာပိုင်အစိုးရအဖွဲ့အစည်း၏ လုပ်ပိုင်

[10] The history of the Constitution of the Republic of Kazakhstan | Special projects (e-history.kz)

[11] Encyclopedia of world constitutions

[12] **ARTICLE 14.** The jurisdiction of the Union of Soviet Socialist Republics, as represented by its highest organs of state authority and organs of government, covers :(a) Representation of the Union in international relations, conclusion and ratification of treaties with other states;(b) Questions of war and peace;(c) Admission of new republics into the U.S.S.R.;(d) Control over the observance of the Constitution of the U.S.S.R. and ensuring conformity of the Constitutions of the Union Republics with the Constitution of the U.S.S.R.;(e) Confirmation of alterations of boundaries between Union Republics;(f) Confirmation of the formation of new Territories and Regions and also of new Autonomous Republics within Union Republics;(g) Organization of the defence of the U.S.S.R. and direction of all the armed forces of the U.S.S.R.;(h) Foreign trade on the basis of state monopoly;(i) Safeguarding the security of the state;(j) Establishment of the national economic plans of the U.S.S.R.;(k) Approval of the single state budget of the U.S.S.R. as well as of the taxes and revenues which go to the all-Union, Republican and local budgets;(l) Administration of the

ခွင့်များ (စစ်ကြေညာခြင်း၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေး၊ နယ်မြေဒေသအသစ် သတ်မှတ်ခြင်း၊ ကာကွယ်ရေးတို့) မှအပ ကာဇက် SSRသည် ၎င်း၏ နိုင်ငံတော် အာဏာကို လွတ်လပ်စွာ ကျင့်သုံးပြီး ၎င်း၏အချုပ်အခြာအာဏာကို အပြည့်အဝ ထိန်းသိမ်း စောင့်ရှောက်သည်ဟု” ရေးသားဖော်ပြထားသည်။ ၁၉၃၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃ တွင် စီးပွားရေးနှင့် နိုင်ငံတော် ကာကွယ်ရေးတို့ကို အပြန်အလှန်ပံ့ပိုးကူညီရန်အတွက် အခြားသောတူညီမျှမှုရှိသော သမ္မတနိုင်ငံများနှင့် ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရန်ဟူ၍ ပြဋ္ဌာန်းထားသည်။ ထို့ပြင် ပုဒ်မ ၁၆ တွင် ကာဇက် SSR ၏ သဘောတူညီမှုမရရှိဘဲ နယ်နိမိတ်ပြောင်းလဲ၍ မရဟူ၍လည်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၁၉ တွင် နိုင်ငံသားများ၏ အခွင့်အရေးများ၊ အခွန်အခ ကောက်ခံခြင်းများ၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေးနှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်း ဥပဒေများကို အကောင်အထည်ဖော်ရာတွင် ကြီးကြပ်သည့်အဖွဲ့များအပြင် ဒေသဆိုင်ရာအစိုးရ အာဏာပိုင်များနှင့် အမြင့်ဆုံး သမ္မတနိုင်ငံ ဖြစ်သည့်အလျောက် သမ္မတနိုင်ငံ၏ အရည်အချင်းများနှင့် ပြီးပြည့်စုံခြင်း စသည်တို့နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားပါသည်။[13]

## ၁၉၇၈ ခုနှစ်၊ ကာဇက် SSR (Kazakh Soviet Socialist Republic) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (Sub- State Constitution)

၁၅။ ၁၉၇၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် Supreme Council ၏ ၉ ကြိမ်မြောက်ညီလာခံတွင် ပြုလုပ်သော ၇ ကြိမ်မြောက် အထူးအစည်းအဝေးကြီးက ၁၉၇၈ ခုနှစ်၊ ကာဇက်စတန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၎င်းတွင် နိဒါန်း၊ အပိုင်း ၁၀ ပိုင်း၊ အခန်း ၁၉ ခန်း၊ ပုဒ်မပေါင်း ၁၇၃ ခု ပါဝင်သည်။ ယင်းဥပဒေအရ နိုင်ငံ၏အာဏာများကို အလုပ်သမား၊ တောင်သူလယ်သမားများ၊ ပညာတတ်လူတန်းစားများပါဝင်သည့် ပြည်သူလူထုကပိုင်ဆိုင်သည်ဟု ဖော်ပြထားသည်။ ပုဒ်မ ၆ အရ နိုင်ငံသမဝါယမပစ္စည်းပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသမဂ္ဂနှင့် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံတော်၏ အခြေခံအုတ်မြစ်အဖြစ် ကြေညာခဲ့သည်။ ကာဇက်

banks, industrial and agricultural establishments and enterprises and trading enterprises of all-Union importance;(m) Administration of transport and communications;(n) Direction of the monetary and credit system;(o) Organization of state insurance;(p) Raising and granting of loans;(q) Establishment of the basic principles for the use of land as well as for the use of natural deposits, forests and waters;(r) Establishment of the basic principles in the spheres of education and public health;(s) Organization of a uniform system of national economic statistics;(t) Establishment of the principles of labour legislation;(u) Legislation on the judicial system and judicial procedure; criminal and civil codes;(v) Laws on citizenship of the Union; laws on the rights of foreigners;(w) Issuing of all-Union acts of amnesty.

[13] The history of the Constitution of the Republic of Kazakhstan | Special projects (e-history.kz)

SSR၏ ကွန်မြူနစ်ပါတီသည် အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များနှင့် အစိုးရစနစ်ကို ထိန်းကျောင်းသည်ဟု ပြဋ္ဌာန်းထားသည်။

**၁၉၉၃ ခုနှစ်၊ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (Independent Constitution)**

၁၆။ ဆိုဗီယက်ယူနီယံပြိုလဲပြီးနောက် ကွန်မြူနစ်ဝါဒ ကျဆုံးသွားသဖြင့် ကာဇက်စတန်နိုင်ငံသည် နိုင်ငံ၏အချုပ်အခြာအာဏာဆိုင်ရာ ကြေညာချက်ထုတ်ပြန်ပြီးသည့်အခါ ၁၉၉၀ ပြည့်နှစ်တွင် ခေတ်သစ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်လာကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ လွတ်လပ်သည့် နိုင်ငံသစ်တစ်နိုင်ငံ ဖော်ဆောင်ရာတွင် ယခင်စနစ်ဟောင်းသည် နိုင်ငံရေးနှင့် တရားဥပဒေဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်သောကြောင့် နိုင်ငံတော်အာဏာကိုကျင့်သုံးမည့် ပုံစံအသစ်နှင့် ဥပဒေစနစ် အသစ်တစ်ခု လိုအပ်လာခဲ့သည်။[14]

၁၇။ ထို့ကြောင့် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ ၁၂ ကြိမ်မြောက်ညီလာခံတွင် ပြုလုပ်သော ၉ ကြိမ်မြောက် အထူးအစည်းအဝေးကြီးက ကာဇက်စတန်သမ္မတနိုင်ငံ၏ ပထမဆုံး လွတ်လပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မာတိကာ၊ အပိုင်း ၄ပိုင်း၊ အခန်းပေါင်း ၂၁ ခန်း၊ ပုဒ်မပေါင်း ၁၃၁ ခု ပါဝင်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကာဇက်စတန်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ဥပဒေစံနှုန်းများစွာကိုပေါင်းစည်းထားပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ လွတ်လပ်သည့်နိုင်ငံ အာဏာခွဲဝေကျင့်သုံးမှုဆိုင်ရာ မူသဘောတရားများ၊ ကာဇက်စတန်နိုင်ငံ ဘာသာစကားကို နိုင်ငံတော် ဘာသာစကားအဖြစ် အသိမှတ်ပြုခြင်း၊ နိုင်ငံတော်သမ္မတကို နိုင်ငံ့အကြီးအကဲအဖြစ် အသိအမှတ်ပြုခြင်း၊ တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ အမြင့်ဆုံးတရားရုံး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့် အမြင့်ဆုံး ခုံသမာဓိတရားရုံးတို့ ပါဝင်သည်။ [15]

**၁၉၉၅ ခုနှစ်၊ ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ**

၁၈။ ၁၉၉၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရေးဆွဲမှု သက်တမ်းအားဖြင့် ၂ နှစ်ကြာမြင့်ခဲ့ပြီး ၁၉၉၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ယနေ့ထက်တိုင် ၁၉၉၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခဲ့ကြသည်။ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်နှိုင်းဆလျှင် အဓိကပြောင်းလဲမှုမှာ သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာကို ခိုင်မာအောင်

[14] Encyclopedia of world constitutions
[15] The history of the Constitution of the Republic of Kazakhstan | Special projects (e-history.kz)

ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။[16] ၁၉၉၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့သည် ကာဇက်စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနေ့ဖြစ်ပြီး ကာဇက်စတန်သမ္မတနိုင်ငံ၏ အားလပ်ရက်နေ့ (State Holiday) လည်းဖြစ်သည်။ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုမပြဋ္ဌာန်းခင် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအပေါ် စုပေါင်းဆွေးနွေးခြင်းကို ခန့်မှန်းခြေအားဖြင့် အကြိမ်ရေ ၃၃၀၀၀ နီးပါး ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမှုကာလအတွင်း လူပေါင်း ၃ သန်းကျော် ပါဝင်ခဲ့ပြီး ဆွေးနွေးစဉ်ကာလအတွင်း အဆိုပြုချက်များ၊ မှတ်ချက်များ ၃၀၀၀၀၀ နီးပါးရှိခဲ့သည့်အပြင် ပြင်ဆင်ချက်ပေါင်း ၁၁၀၀ ခန့်နှင့် ပုဒ်မပေါင်း ၅၅ ခု ထပ်တိုးခြင်းများကို ဆောင်ရွက်ခဲ့သည်။[17]

၁၉။ ၁၉၉၅ ခုနှစ်၊ ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၈ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါသည်။

## ၁၉၉၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း

၂၀။ ၁၉၉၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် "ကျွန်ုပ်တို့ ကာဇက်စတန်ပြည်သူများသည် ဘုံသဘောဆောင်သော သမိုင်းအစဉ်အလာ အတွေ့အကြုံများအရ ဆက်လက် ညီညွတ်ကြလျက် ဘိုးဘွားများအစဉ်အဆက်ပိုင်ဆိုင်ခဲ့သော ကာဇက်တိုင်းရင်းသားတို့၏ မြေပေါ်တွင် ကာဇက်စတန်နိုင်ငံကိုထူထောင်ကြ၍ ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းတစ်ရပ်ကို မိမိတို့က တည်ဆောက်ရာ၌ လွတ်လပ်မှု၊ သာတူညီမျှရှိမှုနှင့် သဟဇာတဖြစ်မှုဆိုင်ရာ စံနှုန်းများသည် အထူးပင်အရေးပါကြောင်းကို သန္နိဋ္ဌာန်ချမှတ်၍ ကမ္ဘာ့နိုင်ငံများအတွင်း အဖိုးတန်မြေအဖြစ် လိုလားစွာ လေးစားထိုက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ရန် ရည်မှန်းလျက် ကျွန်ုပ်တို့၏ ကြီးလေးသောတာဝန်ဝတ္တရားများကို သိမှတ်ကျေပွန်ကြလျက် လက်ရှိပြည်သူများနှင့် အနာဂတ် မျိုးဆက်သစ်များထံသို့ အချုပ်အခြာအာဏာပိုင်ခွင့်ကို စဉ်ဆက်မပြတ် ကျင့်သုံးဆောင်ရွက် ထိန်းသိမ်း၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း" ဖော်ပြထားပါသည်။[18]

## နိုင်ငံတော်အခြေခံမူများ

၂၁။ ကာဇက်စတန်သမ္မတနိုင်ငံသည် လူတစ်ဦးချင်းစီတွင်ရှိသည့် ၎င်းတို့၏ဘဝ အသက်ရှင်သန်ခွင့်များ၊ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များ၏ အမြင့်ဆုံးစံတန်ဖိုးများ၊ တရားဥပဒေ၊ ဒီမိုကရေစီ၊ လူမှုရေးနှင့် နိုင်ငံ့အရေးအရာများကို ဘာသာရေးနှင့်ပိုင်းခြားထားသော၊ ဘာသာရေး လွှမ်းမိုးမှု

---

[16] Encyclopedia of world constitutions

[17] The history of the Constitution of the Republic of Kazakhstan | Special projects (e-history.kz)

[18] Preamble of the Constitution of the Kazakhstan, 1995

ကင်းသည့်(Secular) နိုင်ငံဖြစ်ကြောင်း[19]နှင့် နိုင်ငံ၏ အခြေခံမူသဘောတရားများကို နိုင်ငံသည် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး အကျိုးစီးပွားအတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု၊ နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်သူများနှင့် သဟဇာတဖြစ်ရမည်ဖြစ်ပါသည်။ ကာဇက်စတန် နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းပြည်၏ အထူးအရေးကြီး ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထူးသဖြင့် လွှတ်တော်နှင့် သမ္မတနိုင်ငံ၏ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရာ၌ မဲဆန္ဒပေးခြင်းတို့အပါအဝင် ယင်းကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ဒီမိုကရေစီ နည်းလမ်းတကျ ဆောင်ရွက်ရန်ဖြစ်ကြောင်း[20]ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁ တွင် ပြဋ္ဌာန်းထားပါသည်။

၂၂။ ထို့ပြင် ကာဇက်စတန်သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာသည် ၎င်းနယ်မြေတစ်ဝှမ်းလုံးတွင် အာဏာသက်ရောက်စေရမည်ဖြစ်ပြီး ၎င်း၏နယ်နိမိတ်ပိုင်နက်တည်တံ့ခိုင်မြဲမှု၊ ထာဝရတည်မြဲခြင်းနှင့် လွှဲပြောင်း၍ မရနိုင်သော ထာဝရတည်တံ့ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂ (၂) တွင် ပြဋ္ဌာန်းထားပါသည်။[21]

၂၃။ ကာဇက်စတန်သမ္မတနိုင်ငံသည် သမ္မတဦးဆောင်သော အစိုးရပုံစံကို ဖွဲ့စည်း၍ တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်သည်။[22] ကာဇက်စတန်သမ္မတနိုင်ငံနှင့် ကာဇက်စတန် အမည်များသည် အညီအမျှဖြစ်သည်။[23] ပြည်သူများသည်သာလျှင် အစိုးရအာဏာ (Governmental power) ၏ တစ်ခုတည်းသောအရင်းအမြစ်ဖြစ်သည် ဟု အပိုဒ် ၃(၁) တွင် ပြဋ္ဌာန်းထားပါသည်။[24]

၂၄။ ထို့အပြင် အဆိုပါနိုင်ငံတော် အစိုးရအာဏာဖြစ်သော ပြည်သူများ၏ အာဏာကို သမ္မတနိုင်ငံ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပ၍ ယင်းတို့၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းဖြင့် နိုင်ငံတော်အဖွဲ့အစည်းများသို့ ယင်းတို့၏ အာဏာကို ယင်းတို့ ကိုယ်စား ကျင့်သုံးဆောင်ရွက်စေရမည်[25] ဟု ပြဋ္ဌာန်းထား၍ အဆိုပါအာဏာကို မည်သူမျှတစ်ဦးတစ်ယောက်တည်းအပိုင်အဖြစ် (No one shall have the right to arrogate )အသုံးပြုနိုင်ခွင့် မရှိကြောင်းနှင့် ထိုသို့ တစ်ဦးတစ်ယောက်ပိုင်အဖြစ် အသုံးပြုပါက ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခံရမည် (No one shall have the right to arrogate power in the republic of Kazakhstan.

---

[19] Article 1(1) of the Constitution of the Kazakhstan, 1995

[20] Article 1(2)of the Constitution of the Kazakhstan, 1995

[21] Article 2 (2)of the Constitution of the Kazakhstan, 1995

[22] Article 2 (1)of the Constitution of the Kazakhstan, 1995

[23] Article 2 (4)of the Constitution of the Kazakhstan, 1995

[24] Article 3 (1)of the Constitution of the Kazakhstan, 1995

[25] Article 3(2)of the Constitution of the Kazakhstan, 1995

Arrogation of power shall be punished by law) ဟု ပြဋ္ဌာန်းထားပါသည်။ ပြည်သူများ၏ ကိုယ်စားအာဏာကျင့်သုံးပိုင်ခွင့်ကို နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ ဥပဒေပြု ပါလီမန်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသော လုပ်ပိုင်ခွင့် ဘောင်အတွင်းမှသာ ကျင့်သုံးရမည် ဖြစ်ကြောင်း အပိုဒ် ၃ (၃) တွင် ဖော်ပြထားပါသည်။ ထို့အပြင် သမ္မတနိုင်ငံတော်၏ အစိုးရနှင့် အခြားသောနိုင်ငံတော်အဖွဲ့အစည်းများသည်လည်း ၎င်းတို့အား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့် အာဏာဘောင်အတွင်းမှသာ နိုင်ငံတော်ကိုယ်စားဆောင်ရွက်ရမည်ဟု အပိုဒ်၃(၃)တွင် ဆက်လက် ဖော်ပြထားပါသည်။ [26]

၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့် တရားသူကြီးများ၊ တရားလွှတ်တော်ချုပ် ဥက္ကဋ္ဌနှင့် တရားသူကြီးများ၊ အခြားတရားရုံးများ၏ ဥက္ကဋ္ဌနှင့်တရားသူကြီးများ၊ ဗဟိုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမြင့်ဆုံးစာရင်းစစ်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများ၊ နိုင်ငံတော်လုံခြုံရေးဝန်ထမ်းများနှင့် ဥပဒေအရ တည်ထောင်ထားသော အဖွဲ့အစည်း များမှ ဝန်ထမ်းများသည် နိုင်ငံရေးပါတီများ၏ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီ တစ်ခုခု၏ ရှေ့နေများ (သို့မဟုတ်) အလုပ်သမားသမဂ္ဂများ မဟုတ်ရပေ။ [27]

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃ (၄) တွင် နိုင်ငံတော်အာဏာကို တစ်စုတစ်စည်းတည်း ပေါင်းစည်းထားပြီး (shall be unified) ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာ များကို ပိုင်းခြားထားသည့် မူသဘောတရားများနှင့်အညီ ပြဋ္ဌာန်းထားသောဥပဒေများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ကို အခြေခံကာ ကျင့်သုံးဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယင်းအာဏာ ၃ ရပ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အပြန်အလှန်ထိန်းကျောင်းသည့်စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း[28] ပြဋ္ဌာန်းထားပါသည်။

၂၇။ သို့ဖြစ်ရာ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်သော Constitutional Institutions များ အားလုံးသည် ကာဇက်စတန်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဘောင်အတွင်းမှသာ ဆောင်ရွက်ခွင့် ရှိကြောင်းကို အတိအလင်းဖော်ပြထား၍ Supremacy of Constitution ကို မူအားဖြင့်သာ မဟုတ်ဘဲ Mandatory Clause များဖြင့် မဖြစ်မနေလိုက်နာကျင့်သုံးရမည့် ကန့်သတ်တားမြစ်ချက်တို့ အဖြစ် တိကျစွာဖော်ပြ ပြဋ္ဌာန်းထားသည်ဟု သုံးသပ်ရရှိပါသည်။ Supremacy Clause ကို မူအား ဖြင့် အပိုဒ်၄(၂)တွင် **ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမြင့်ဆုံးသောဥပဒေအာဏာ သက်ရောက်မှု**

---

[26] Article 3(3)of the Constitution of the Kazakhstan, 1995

[27] Article 23(2)of the Constitution of the Kazakhstan, 1995

[28] Article 3 (4)of the Constitution of the Kazakhstan, 1995

**ရှိပြီး ကာဇက်စတန်သမ္မတနိုင်ငံ၏ နယ်မြေအနှံ့အပြားတွင် တိုက်ရိုက်အကျိုး သက်ရောက်မှု ရှိစေရမည်** ဟု ပြဋ္ဌာန်းထားပါသည်။[29] ကာဇက်စတန်သမ္မတနိုင်ငံက အတည်ပြုပါဝင်ထားသော အပြည်ပြည်ဆိုင်ရာစာချုပ်များကို သမ္မတနိုင်ငံ၏ ဥပဒေများအဖြစ် ဦးစားပေးဆောင်ရွက်ရမည်။ ကာဇက်စတန်နိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အပြည်ပြည်ဆိုင်ရာစာချုပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို ပြည်တွင်းဥပဒေများ ပြဋ္ဌာန်း၍ သတ်မှတ်ထားရမည်။[30] သို့ဖြစ်ရာ ကာဇက်စတန်သမ္မတနိုင်ငံသည် Dualistic Theory ကို ကျင့်သုံးကြောင်း သုံးသပ်ရရှိပါသည်။

၂၈။ ကာဇက်စတန်သမ္မတနိုင်ငံသည် နိုင်ငံရေးအယူအဆ အတွေးအမြင်များ မတူကွဲပြားခြင်းကို အသိအမှတ်ပြုထားပြီး နိုင်ငံ၏အဖွဲ့အစည်းများအတွင်း နိုင်ငံရေးပါတီအဖွဲ့အစည်းများ ဖွဲ့စည်းထားရှိခြင်းကိုခွင့်ပြုမထားပေ။[31] အများနှင့်သက်ဆိုင်သောအသင်းအဖွဲ့များသည် ဥပဒေရှေ့မှောက်တွင် အညီအမျှဖြစ်သည်။ နိုင်ငံနှင့်ပတ်သက်သောကိစ္စရပ်များတွင် အများနှင့်သက်ဆိုင်သော အသင်းအဖွဲ့များက တရားမဝင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် အများနှင့်သက်ဆိုင်သော အသင်းအဖွဲ့များ၏ ကိစ္စရပ်များတွင် နိုင်ငံတော်က ဝင်ရောက်စွက်ဖက်ခြင်းတို့ကို ခွင့်မပြုပေ။[32] ကာဇက်စတန်သမ္မတနိုင်ငံတွင် လူမှုရေး၊ လူမျိုးရေး၊ အမျိုးသားရေး၊ ဘာသာရေး၊ လူတန်းစားပေါင်းစုံနှင့် လူမျိုးစုအချင်းချင်းကို မုန်းတီးစေရန် လှုံ့ဆော်ပေးခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ချိုးဖောက်စေခြင်း၊ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စနစ်တစ်ခုလုံးကို ကြီးမားသောပြောင်းလဲမှုဖြစ်စေရန် စသော ရည်ရွယ်ချက်များဖြင့် အများနှင့်သက်ဆိုင်သော အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လှုပ်ရှားဆောင်ရွက်ခြင်းတို့ကို တားမြစ်ထားသည့်အပြင် ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိသော တပ်မတော်နှင့်စင်ပြိုင် စစ်တပ်ကဲ့သို့ လက်နက်ကိုင်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းကိုလည်း တားမြစ်ထားပါသည်။[33] ကာဇက်စတန်သမ္မတနိုင်ငံအတွင်းတွင် **အခြားနိုင်ငံများ၏ ဘာသာရေးကို အခြေခံသည့် နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂများနှင့် နိုင်ငံရေးပါတီများ**၏ လှုပ်ရှားဆောင်ရွက်မှုများကို ခွင့်ပြုမထားသည့်အပြင် **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ နိုင်ငံခြားသားများနှင့် ပြည်ပမှ တရားဝင်အဖွဲ့အစည်းများက** ကာဇက်စတန်သမ္မတနိုင်ငံ အလုပ်သမားသမဂ္ဂနှင့် နိုင်ငံရေးပါတီများအား ငွေကြေး

[29] Article 4 (2)of the Constitution of the Kazakhstan, 1995

[30] Article 4 (3)of the Constitution of the Kazakhstan, 1995

[31] Article 5(1)of the Constitution of the Kazakhstan, 1995

[32] Article 5(2)of the Constitution of the Kazakhstan, 1995

[33] Article 5 (3)of the Constitution of the Kazakhstan, 1995

ထောက်ပံ့ပေးမှုတို့ကို ခွင့်ပြုမထားပေ။[34]ပြည်ပနိုင်ငံများ၏ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများက ကာဇက်စတန်ပိုင်နက် နယ်မြေပေါ်တွင် လှုပ်ရှားဆောင်ရွက်ခြင်းများအပြင် ပြည်ပဘာသာရေး ဗဟိုအဖွဲ့က ဘာသာရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များ ခန့်အပ်ရာတွင် ကာဇက်သမ္မတ နိုင်ငံရှိ လုပ်ပိုင်ခွင့်အာဏာရှိသည့် နိုင်ငံ့အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြီးဆောင်ရွက်ရမည်။[35] သို့ဖြစ်ရာ ကာဇက်စတန်သမ္မတနိုင်ငံသည် ၎င်းနိုင်ငံအတွင်း၌ နယ်မြေတည်တံ့ ခိုင်မြဲမှု၊ လုံခြုံရေး တည်ငြိမ်စေရန် မိမိအချုပ်အခြာအာဏာဖြင့် ပြည်ပအမှောင့်ပယောဂများ မဝင်ရောက်နိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေက တားဆီးကန့်သတ်ချက်များကို လေ့လာတွေ့ရှိရပါသည်။

## နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ

၂၉။ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့၊ အထက်လွှတ်တော် (Senate)နှင့် အောက်လွှတ်တော် (Mazhilis) တို့ပါဝင်သော လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့ ပါဝင်သည်။

## ဥပဒေပြုရေး

၃၀။ ပါလီမန်သည် ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမြင့်ဆုံး ကိုယ်စားလှယ်အဖွဲ့ ဖြစ်သည်။[36] ပါလီမန်ကို လွှတ်တော်နှစ်ရပ်ဖြင့်ဖွဲ့စည်းပြီး အထက်လွှတ်တော် ( Senate) နှင့် အောက်လွှတ်တော် ( Mazhilis) တို့ပါဝင်သည်။[37]

၃၁။ ပါလီမန်၏ လုပ်ပိုင်ခွင့်များသည် ပထမအကြိမ်လွှတ်တော်အစည်းအဝေး စတင်ကျင်းပချိန်မှ စတင်ပြီး ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးစတင်ကျင်းပချိန်တွင် ပြီးဆုံးသည်။[38] ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသော သတ်မှတ်ချက်များနှင့် ကိစ္စရပ်များတွင် ၎င်း၏ လုပ်ပိုင်ခွင့်များကို ရပ်စဲနိုင်သည်။[39] ပါလီမန်ကိုယ်စားလှယ်တစ်ဦးသည် တစ်ချိန်တည်းတွင် လွှတ်တော်နှစ်ခု၏ ကိုယ်စားလှယ်များ မဖြစ်ရပေ။[40] လွှတ်တော်ပြင်ပ၌ လစာဖြင့် တာဝန်ထမ်းဆောင်နေသူများ၊ အခြားလွှတ်တော်တစ်ရပ်ရပ်တွင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသူများ၊ စာပေသင်ကြားပို့ချခြင်း၊ သုတေသနပြုခြင်းနှင့် အခြားတီထွင်ဖန်တီးမှု လုပ်နေသူများမှအပ

[34] Article 5 (4)of the Constitution of the Kazakhstan, 1995

[35] Article 5 (5)of the Constitution of the Kazakhstan, 1995

[36] Article 49 (1)of the Constitution of the Kazakhstan, 1995

[37] Article 50 (1)of the Constitution of the Kazakhstan, 1995

[38] Article 49 (2)of the Constitution of the Kazakhstan, 1995

[39] Article 49 (3)of the Constitution of the Kazakhstan, 1995

[40] Article 50 (4)of the Constitution of the Kazakhstan, 1995

စွန့်ဦးတီထွင်စီးပွားရေးသမားများ သို့မဟုတ် လစာဖြင့် အလုပ်လုပ်ကိုင်နေသူများ၊ စီးပွားရေးရာ အဖွဲ့အစည်းတစ်ခုခုတွင် စီမံခန့်ခွဲရေးအဆင့်ဝင် သို့မဟုတ် စီမံအုပ်ချုပ်မှု ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေသူများနှင့် တရားရုံး၏ ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသူများအား ဝင်ရောက် ယှဉ်ပြိုင်ခွင့်မပြုပေ။[41]

၃၂။ ပါလီမန်သည် လွှတ်တော်များ၏ ပူးတွဲအစည်းအဝေးများတွင် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းများနှင့် ထပ်မံဖြည့်စွက်ချက်များကို ဆောင်ရွက်ပေးခြင်း၊ အတည်ပြုပေးခြင်းတို့ကို ဆောင်ရွက်ရမည့်အပြင် နိုင်ငံတော်သမ္မတမှ ကန့်ကွက်လွှာ ပေးပို့သည့်နေ့မှစ၍ ၁ လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေများ သို့မဟုတ် ပုဒ်မများကို အကြိမ်ကြိမ်ဆွေးနွေးပြီး မဲခွဲဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။ အဆိုပါ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ရန်ပျက်ကွက်ပါက နိုင်ငံတော်သမ္မတ၏ ကန့်ကွက်ချက်ကို သဘောတူလက်ခံခြင်းဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၅၃(၁-၂)တွင် ပြဋ္ဌာန်းထားသည်။ အကယ်၍ နိုင်ငံတော်သမ္မတ၏ ကန့်ကွက်ချက်ကို လွှတ်တော်အသီးသီး၏ စုစုပေါင်း ကိုယ်စားလှယ်ဦးရေ ၄ ပုံ ၃ ပုံစီဖြင့်ပယ်ချပါက နိုင်ငံတော်သမ္မတသည် အဆိုပါဥပဒေကို လက်မှတ် ရေးထိုးရမည်။ ဆက်လက်၍ ဖော်ပြထားသည်မှာ အကယ်၍ နိုင်ငံတော်သမ္မတက ကန့်ကွက်လွှာနှင့်အတူ အဆိုပြုလာသော အခြေခံဥပဒေပြင်ဆင်ချက် မူကြမ်းပါ အပိုဒ်ကို ၁ လအတွင်း အကြိမ်ကြိမ် ဆွေးနွေးမဲခွဲဆုံးဖြတ်ခဲ့သော်လည်း သမ္မတ၏ အဆိုပြုချက်အပေါ် ပယ်ချနိုင်ခဲ့ခြင်း မရှိပါက အဆိုပါသမ္မတ၏ အဆိုပြုချက်ကို ပါလီမန်က အတည်မပြုဟုလည်းကောင်း သို့မဟုတ် အတည်ပြုခြင်း ဆောင်ရွက်ရန်ဟု သတ်မှတ်၍လည်းကောင်း မှတ်ယူ၍ သမ္မတ၏ အဆိုပြုချက်အပေါ် သဘောထားကို ဆက်လက်ပြဋ္ဌာန်းထားပါသည်။[42] ပါလီမန်သည် စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း ကိစ္စရပ်များပေါ်တွင် ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်ဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန်၊ အပြည်ပြည်ဆိုင်ရာ လိုက်နာရန် တာဝန်ရှိမှုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် လက်နက်ကိုင် တပ်ဖွဲ့များ ဖြန့်ကြက်ချထားရေးအပေါ် အဆုံးအဖြတ်ပေးခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ နှစ်စဉ်အစီရင်ခံစာများကို ကြားနာခြင်းတို့ကို ဆောင်ရွက်သည်။[43]

၃၃။ ပါလီမန်သည် လွှတ်တော် ၂ ရပ်၏ သီးခြားအစည်းအဝေးများတွင် ကနဦး အောက်လွှတ်တော် (Mazhilis)၌လည်းကောင်း၊ ယင်းနောက်အထက်လွှတ်တော်(Senate)၌လည်းကောင်း

[41] Article 52 (3)(4)of the Constitution of the Kazakhstan, 1995

[42] Article 53 (1-2) of the Constitution of the Kazakhstan, 1995

[43] Article 53 (4)(5)(6) of the Constitution of the Kazakhstan, 1995

အစီအစဥ်တကျ ကိစ္စရပ်များကို စဉ်းစားဆုံးဖြတ်ကာ ဥပဒေများကို အတည်ပြု ဆောင်ရွက်သည်။ ထိုသို့စဥ်းစားဆုံးဖြတ်သည့်ကိစ္စများတွင် နိုင်ငံတော်ဘဏ္ဍာငွေကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်းနှင့် ထပ်တိုးခြင်း ကိစ္စများ၊ နိုင်ငံတော် အခွန်အခများကို ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း၊ ကာဇက်စတန် သမ္မတနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် နယ်နိမိတ် ဖွဲ့စည်းပုံနှင့် စပ်ဆိုင်သော ပြဿနာများကို ဖြေရှင်းရန် အတွက် စည်းမျဉ်းများ ချမှတ်ခြင်း၊ နိုင်ငံတော် ဂုဏ်ထူးဆောင်ဆုတံဆိပ်များ၊ စစ်ဘက်ဆိုင်ရာ ဘွဲ့ထူး /ဂုဏ်ထူးများနှင့် အခြားဘွဲ့များ၊ ရာထူးအဆင့်များ၊ ကာဇက်စတန်သမ္မတနိုင်ငံ၏ သံတမန် ရာထူးအဆင့်များအပြင် နိုင်ငံတော်၏ အမှတ်သင်္ကေတများ သတ်မှတ်ထားရှိခြင်း၊ ကာဇက်စတန် သမ္မတနိုင်ငံ၏ ချေးငွေများ၊ စီးပွားရေးနှင့် အခြားသော အထောက်အပံ့ အကူအညီများနှင့် စပ်လျဉ်း၍ မေးခွန်းများကို ဖြေရှင်းခြင်း၊ ထိုသို့ စဉ်းစားဆုံးဖြတ်မည့် ကိစ္စများတွင် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ဆိုင်သော မေးခွန်းများကို ဖြေရှင်းခြင်း၊ နိုင်ငံတကာနှင့်ချုပ်ဆိုသော စာချုပ်များကို အတည်ပြုခြင်း နှင့် စာချုပ်ကို ရုပ်စဲခြင်း ကိစ္စများလည်း ပါဝင်ပါသည်။[44]

၃၄။ ပါလီမန်သည် ယင်းလွှတ်တော်နှစ်ရပ်၏ သီးခြားအစည်းအဝေးများတွင် ကနဦး အောက် လွှတ်တော် (Mazhilis) တွင်လည်းကောင်း၊ ယင်းနောက်တွင်မှ အထက်လွှတ်တော် (Senate) တွင် လည်းကောင်း အသီးသီး ထပ်မြောက်အောင် စဉ်းစားဆွေးနွေးမှုများကို ဆောင်ရွက်ရာတွင် အမျိုးသားဘဏ္ဍာရန်ပုံငွေအပေါ် အစီရင်ခံစာ၊ ဥပဒေ သို့မဟုတ် ဥပဒေပါ ပြဋ္ဌာန်းအပိုဒ်များကို နိုင်ငံတော်သမ္မတက ကန့်ကွက်ချက်နှင့်တကွ အဆိုပြုတင်သွင်းလာသော ကိစ္စရပ်ကို ပေးပို့ထား သည့်နေ့မှ တစ်လအတွင်း အောင်မြင်သော ဆွေးနွေးဆုံးဖြတ်မှု ပြုရမည်။ တစ်လအတွင်း အောင်မြင်သော ဆွေးနွေးမှု ပျက်ကွက်ခဲ့ပါက နိုင်ငံတော်သမ္မတ၏ ကန့်ကွက်လွှာ အဆိုပြုချက်ကို လက်ခံရာရောက်ကြောင်း မှတ်ယူရမည်။ အကယ်၍ အောက်လွှတ်တော် (Mazhilis) နှင့် အထက် လွှတ်တော် (Senate) ၏ လွှတ်တော်အသီးသီး၌ စုစုပေါင်း ကိုယ်စားလှယ် အရေအတွက် အများစု ၃ ပုံ ၂ ပုံ၏ ပယ်ချသော ဆန္ဒမဲ (ကန့်ကွက်မဲ) နိုင်ငံတော်သမ္မတ၏ ကန့်ကွက်အဆိုပြုလွှာအပေါ် ရရှိခဲ့ပါက နိုင်ငံတော်သမ္မတသည် အဆိုပါဥပဒေကြမ်းကို ၁ လ အတွင်းလက်မှတ်ရေးထိုးရမည်။ အကယ်၍ နိုင်ငံတော်သမ္မတ၏ ကန့်ကွက်အဆိုပြုလွှာကို အနည်းဆုံး လွှတ်တော်တစ်ရပ်က ပယ်ချခဲ့ပါက အဆိုပါနိုင်ငံတော်သမ္မတ၏ အဆိုပြုစကားများကို အတည်ပြု၍ မရသော ဥပဒေ သို့မဟုတ် အတည်ပြုရန်ဖြစ်သော ဥပဒေဟု မှတ်ယူရမည် ဖြစ်ပါသည်။ ထို့အပြင် ပါလီမန်သည် သမ္မတနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန် ကနဦး စတင် ဆောင်ရွက်ရမည်။[45]

[44] Article 54 (1) of the Constitution of the Kazakhstan, 1995

[45] Article 54 (2) of the Constitution of the Kazakhstan, 1995

### (က) အထက်လွှတ်တော် (Senate)

၃၅။ အထက်လွှတ်တော်တွင် ပြည်နယ် ၁၇ ပြည်နယ်မှ ကိုယ်စားလှယ် ၂ ဦးစီ၊ Almaty၊ Astana နှင့် Shymkent ဖြစ်သည့် မြို့တော် ၃ ခုမှ ကိုယ်စားလှယ် ၂ ဦးစီနှင့် လူ့အဖွဲ့အစည်း၏ မတူကွဲပြားသော လူမျိုး၊ ယဉ်ကျေးမှု စသော အစိတ်အပိုင်းများအားလုံးကို ကိုယ်စားပြုစေရန်အတွက် နိုင်ငံတော်သမ္မတက ခန့်အပ်သည့် ကိုယ်စားလှယ် ၁၀ ဦး စုစုပေါင်း ကိုယ်စားလှယ် ၅၀ ဦးဖြင့် ဖွဲ့စည်းထားသည်။[46] နိုင်ငံတော်သမ္မတသည် ၎င်းခန့်အပ်သည့် ကိုယ်စားလှယ် ၁၀ ဦးအနက် ၅ ဦးကို ကာဇက်စတန် ပြည်သူ့ညီလာခံ၏ အဆိုပြုချက်ဖြင့် ခန့်အပ်ပါသည်။[47] အထက်လွှတ်တော် ကိုယ်စားလှယ်များကို လျှို့ဝှက်ဆန္ဒမဲပေးကာ တစ်ဆင့် ရွေးကောက်တင်မြှောက်ခြင်း နည်းလမ်းဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ အထက်လွှတ်တော် ကိုယ်စားလှယ် ထက်ဝက်ခန့်ကို ၃ နှစ်တစ်ကြိမ် လဲလှယ်ခန့်အပ်သည်။ ယင်းကိစ္စရပ်တွင် ၎င်းတို့၏ ရာထူးသက်တမ်းမကုန်ဆုံးမီ ၂ လ ထက်နောက်မကျစေဘဲ ၎င်းတို့၏ ပုံမှန်ကျင်းပသည့် ရွေးကောက်ပွဲကို ကျင်းပရမည်။[48] အထက်လွှတ်တော် ကိုယ်စားလှယ်များ၏ ရာထူး သက်တမ်းမှာ ၆ နှစ်ဖြစ်သည်။[49]

၃၆။ အထက်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ရန် သတ်မှတ်အရည်အချင်းမှာ အသက် ၃၀ နှစ်ပြည့်ပြီးသူ၊ အဆင့်မြင့်ပညာရေးပြီးဆုံးသူ၊ သက်ဆိုင်ရာတိုင်းဒေသကြီးတွင် အမြဲတမ်းနေထိုင်သူဖြစ်ပြီး လုပ်သက်အတွေ့အကြုံ အနည်းဆုံး ၅ နှစ်ရှိသူနှင့် ကာဇက်စတန်သမ္မတနိုင်ငံ၏ အဓိက မြို့တော်များတွင် အနည်းဆုံး ၃ နှစ်ကြာနေထိုင်သူဖြစ်ရမည်။[50]

၃၇။ အထက်လွှတ်တော်၏ အထူးသီးသန့်တာဝန်နှင့် လုပ်ပိုင်ခွင့် အာဏာများမှာ– ကာဇက်စတန်သမ္မတ၏ ထောက်ခံချက်ဖြင့် တရားလွှတ်တော်ချုပ် ဥက္ကဋ္ဌနှင့် တရားသူကြီးများ ရွေးချယ်ခြင်းနှင့် ရာထူးမှအနားပေးခြင်း၊ ကာဇက်စတန်သမ္မတ၏ ထောက်ခံချက်ဖြင့် ၅ နှစ် သက်တမ်းအတွက် လူ့အခွင့်အရေး ကော်မရှင်နာအား ရွေးချယ်ခြင်းနှင့် ရာထူးမှဖယ်ရှားခြင်း၊ နိုင်ငံတော်သမ္မတ အမည်စာရင်းတင်သွင်းသည့် အမျိုးသားလုံခြုံရေးကော်မတီ ဥက္ကဋ္ဌ၊ အစိုးရ ရှေ့နေချုပ်၊ တရားရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဘဏ် အကြီးအကဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌ တို့ကို အတည်ပြုခန့်အပ်ခြင်း၊ ကာဇက်စတန်သမ္မတနိုင်ငံ၏ လူ့အခွင့်အရေး ကော်မရှင်နာ၊ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ အစိုးရရှေ့နေချုပ်တို့၏ ကင်းလွတ်ခွင့်ကို ဖယ်ရှားပေးခြင်း၊ အောက်လွှတ်တော် (Mazhilis)၏လုပ်ပိုင်ခွင့်များ ဆောလျင်စွာ ရပ်စဲသွား

[46] https://en.wikipedia.org/wiki/Senate_of_Kazakhstan
[47] Article 50 (2) of the Constitution of the Kazakhstan, 1995
[48] Article 51 (2)of the Constitution of the Kazakhstan, 1995
[49] https://en.wikipedia.org/wiki/Senate_of_Kazakhstan
[50] Article 51 (4)of the Constitution of the Kazakhstan, 1995

သည့်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများကို အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ ပါလီမန်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ပေးခြင်းတို့ ဖြစ်သည်။[51]

**(ခ) အောက်လွှတ်တော် (Mazhilis)**

၃၈။ အောက်လွှတ်တော် (Mazhilis) သည် ကိုယ်စားလှယ်စုစုပေါင်း ၉၈ ဦးဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့ကို မဲဆန္ဒနယ်နယ်မြေများနှင့် တစ်ပြည်လုံးရှိ မဲဆန္ဒနယ်တစ်ခု၏ နယ်မြေအလိုက် အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။[52] အောက်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် လျှို့ဝှက်မဲပေးစနစ်ဖြင့် တိုက်ရိုက်မဲပေး ရွေးချယ်သည်။ အောက်လွှတ်တော် ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲကို လက်ရှိလွှတ်တော် သက်တမ်းမကုန်မီ ၂ လ ထက် နောက် မကျစေဘဲ ကျင်းပရမည်။[53] အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းမှာ ၅ နှစ်ဖြစ် သည်။[54]

၃၉။ အောက်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် အသက် ၂၅ နှစ်ပြည့်ပြီးသူ၊ ကာဇက်စတန် နိုင်ငံသားဖြစ်ပြီး ၎င်း၏နယ်မြေတွင် လွန်ခဲ့သည့်ဆယ်နှစ်အထိ အမြဲတမ်းနေထိုင်ခဲ့သူဖြစ်ရမည်။[55] အောက်လွှတ်တော်သည် လွှတ်တော်သို့ တင်သွင်းလာသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြား ဥပဒေမူကြမ်းများကို စဉ်းစားဆွေးနွေးဆုံးဖြတ်ခြင်း၊ နိုင်ငံတော်သမ္မတက အမည်စာရင်း တင်သွင်း သည့် ဝန်ကြီးချုပ်လောင်းအမည်စာရင်းအား လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ များရာဆန္ဒမဲဖြင့် အတည်ပြုခြင်း၊ နိုင်ငံတွင်းပုံမှန်သမ္မတရွေးကောက်ပွဲများကျင်းပရန် ကြေညာချက် ထုတ်ပြန်ခြင်းနှင့် ဗဟိုစာရင်းစစ်အဖွဲ့ဥက္ကဋ္ဌ၏ အစီရင်ခံစာကို ၁ နှစ်လျှင် ၂ ကြိမ်ကြားနာခြင်းတို့ကို ဆောင်ရွက်သည့် အပြင် ကိုယ်စားလှယ်စုစုပေါင်း အနည်းဆုံး ၅ ပုံ ၁ ပုံက အစိုးရအဖွဲ့အား အယုံအကြည် မရှိကြောင်း အဆိုကို တင်သွင်းသည့်အပေါ် အောက်လွှတ်တော် (Mazhilis) သည် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ များရာဆန္ဒမဲဖြင့် အတည်ပြုပိုင်ခွင့်ရှိသည်။[56]

---

[51] Article 55 of the Constitution of the Kazakhstan, 1995

[52] Article 50(3) of the Constitution of the Kazakhstan, 1995

[53] Article 51(1) of the Constitution of the Kazakhstan, 1995

[54] Article 50(5) of the Constitution of the Kazakhstan, 1995

[55] https://en.wikipedia.org/wiki/Mazhilis

[56] Article 56(1)(2)of the Constitution of the Kazakhstan, 1995

## အုပ်ချုပ်ရေး

### (က) နိုင်ငံတော်သမ္မတ

၄၀။ နိုင်ငံတော်သမ္မတသည် နိုင်ငံ့အကြီးအကဲ (Head of State) ဖြစ်ပြီး ၎င်းသည် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကာဇက်စတန်နိုင်ငံကို ကိုယ်စားပြုခြင်းနှင့် ပြည်တွင်း/ပြည်ပ မူဝါဒနှင့်စပ်လျဉ်းသည့် အရေးကြီးကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်းတို့ကို ဆောင်ရွက်သည်။[57] နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ်လည်း ဆောင်ရွက်သည်။[58] **အရွယ်ရောက်ပြီးသူနိုင်ငံသားများသည်** ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လျှို့ဝှက်ဆန္ဒမဲဖြင့် **နိုင်ငံတော်သမ္မတကို** ၇ နှစ်သက်တမ်းအတွက် **တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်**။[59] နိုင်ငံတော်သမ္မတသည် ရာထူးသက်တမ်း ၁ ကြိမ်ထက်ပို၍ ရွေးကောက်ခံပိုင်ခွင့်မရှိပေ။[60]

၄၁။ နိုင်ငံတော်သမ္မတသည် ကာဇက်စတန်သမ္မတနိုင်ငံသားဖြစ်ပြီး နိုင်ငံတွင် တစ်ဆက်တည်း ၁၅ နှစ်နေထိုင်သူဖြစ်ကာ အသက် ၄၀ နှစ်ထက်မငယ်သူ၊ နိုင်ငံတော်ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူ၊ အဆင့်မြင့်ပညာရေးပြီးဆုံးသူ စသည့်အရည်အချင်းများနှင့် ပြည့်စုံမှုရှိရမည်။ နိုင်ငံတော်သမ္မတရွေးကောက်တင်မြှောက်ခြင်းကို ဒီဇင်ဘာလ၏ ရက်သတ္တ ပထမပတ် တနင်္ဂနွေနေ့တွင် ကျင်းပရမည်ဖြစ်ပြီး ပါလီမန်အသစ် ရွေးကောက်တင်မြှောက်ခြင်းနှင့် တိုက်ဆိုင်မှုမရှိစေရပေ။[61] နိုင်ငံတော်သမ္မတသည် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အခြားအခကြေးငွေရသည့် ရာထူးတာဝန်များထမ်းဆောင်ခြင်းနှင့် ကိုယ်စားလှယ်အဖွဲ့၏ အဖွဲ့ဝင်တို့ ဖြစ်ခွင့်မရှိပါ။[62] ၎င်းအပြင် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံရေးပါတီ တစ်ခု၏ ပါတီဝင် မဟုတ်ရပေ။[63] နိုင်ငံတော်သမ္မတ၏ ဆွေမျိုးရင်းချာများသည် နိုင်ငံရေးအရာရှိ ရာထူးနေရာများနှင့် နိုင်ငံပိုင်ကဏ္ဍနှင့် စပ်ဆိုင်သောကိစ္စရပ်များတွင် အကြီးအကဲတာဝန်များ ထမ်းဆောင်ခွင့် မရှိပေ။[64]

၄၂။ နိုင်ငံတော်သမ္မတသည် ကာဇက်စတန်ပြည်သူများအား နှစ်စဉ်မိန့်ခွန်းပြောကြားခြင်း၊ လွှတ်တော် ၂ ရပ်စလုံးအတွက် ပုံမှန်နှင့် အထူးရွေးကောက်ပွဲများကျင်းပရန်ခေါ်ယူခြင်း၊ အထက်လွှတ်တော်မှတင်သွင်းသော ဥပဒေများကို ၁ လအတွင်း လက်မှတ်ရေးထိုးခြင်း၊ ဝန်ကြီးချုပ်

---

[57] Article 40(1) of the Constitution of the Kazakhstan, 1995

[58] Article 44(12) of the Constitution of the Kazakhstan, 1995

[59] Article 41(1) of the Constitution of the Kazakhstan, 1995

[60] Article 42(5) of the Constitution of the Kazakhstan, 1995

[61] Article 41(3) of the Constitution of the Kazakhstan, 1995

[62] Article 43(1) of the Constitution of the Kazakhstan, 1995

[63] Article 43(3) of the Constitution of the Kazakhstan, 1995

[64] Article 43(4) of the Constitution of the Kazakhstan, 1995

ခန့်အပ်ခြင်း၊ ရာထူးမှဖယ်ရှားခြင်း၊ အောက်လွှတ်တော်နှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ဝန်ကြီးချုပ်၏ သဘောတူညီချက်ရယူကာ အစိုးရအဖွဲ့ အဖွဲ့ဝင်များကို ခန့်အပ်ခြင်း၊ နိုင်ငံခြားရေး၊ ပြည်တွင်းရေးရာနှင့် ကာကွယ်ရေးဝန်ကြီးများကို ခန့်အပ်ခြင်းနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်များကို ရာထူးမှ ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၄၃။ ထို့အပြင် နိုင်ငံတော်သမ္မတသည် အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ၊ နိုင်ငံတော်ဘဏ်၏ အကြီးအကဲ၊ တရားရေးကောင်စီ ဥက္ကဋ္ဌ၊ အစိုးရရှေ့နေချုပ်၊ ကာဇက်စတန်သမ္မတနိုင်ငံ အမျိုးသားလုံခြုံရေးကော်မတီ ဥက္ကဋ္ဌတို့ကို ခန့်အပ်ခြင်းနှင့် ၎င်းတို့ကို ရာထူးမှထုတ်ပယ်ခြင်း၊ သံအမတ်များခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းများ၊ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦး၊ ဗဟိုစာရင်းစစ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် နှစ်ဦးကို ငါးနှစ်သက်တမ်းအတွက် ခန့်အပ်ခြင်း၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရန် အဆုံးအဖြတ်ပေးခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉ အပိုဒ်ခွဲ (၃)တွင် ကျရောက်သော ကိစ္စရပ်များတွင် ကာဇက်စတန်သမ္မတနိုင်ငံ၏ အချုပ်အခြာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်လုံခြုံရေး ကိစ္စရပ်များ၊ နိုင်ငံသားများ၏ လွတ်လပ်မှုနှင့် ရပိုင်ခွင့်များ၊ အကျိုးခံစားခွင့်များနှင့်စပ်လျဥ်း၍ အတည်ပြုပြီးသော ဥပဒေများနှင့် အခြားဥပဒေဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိစေရန်အတွက် သဘောထားမှတ်ချက်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လျှောက်ထား တင်သွင်းခြင်း၊ အပြည်ပြည်ဆိုင်ရာစာချုပ်များကို လက်မှတ်ရေးထိုးခြင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ရာထူးမှထုတ်ပယ်ခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခြင်း၊ နိုင်ငံသားဖြစ်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာခိုလှုံခွင့်များနှင့်စပ်လျဥ်းသည့် ပြဿနာရပ်များကို ဖြေရှင်းပေးခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။

၄၄။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်၊ အထက်လွှတ်တော်၊ အောက်လွှတ်တော် ဥက္ကဋ္ဌများနှင့် ဆွေးနွေးတိုင်ပင်ပြီးနောက် ကာဇက်စတန်နယ်မြေတစ်ခုလုံးနှင့် ဒေသအချို့ကို အရေးပေါ် အခြေအနေ ထုတ်ပြန်နိုင်သည့်အပြင် နိုင်ငံရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများ မဆောင်ရွက်နိုင်အောင် နှောက်ယှက်ခြင်း၊ နိုင်ငံသားများ၏ လုံခြုံရေး၊ နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံ၏ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာ၊ နိုင်ငံရှိ ဒီမိုကရေစီ အဖွဲ့အစည်းများကို အပြင်းအထန် တိုက်ရိုက်ခြိမ်းခြောက်မှုများဖြစ်ပေါ်လျှင် နိုင်ငံတော်သမ္မတသည် နိုင်ငံ၏ ကြည်း၊ ရေ၊ လေ တပ်မတော်ကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဥ်း၍ လွှတ်တော်သို့ ချက်ချင်း အကြောင်းကြားရမည်။

၄၅။ ၎င်းအပြင် နိုင်ငံတော်အား ကျူးကျော်ရန်စခြင်း သို့မဟုတ် လုံခြုံရေးကို ပြင်ပမှ ခြိမ်းခြောက်မှုဖြစ်လျှင် နိုင်ငံတော်သမ္မတသည် တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ အလုံးစုံကိုသော်လည်းကောင်း စစ်စည်းရုံးခြင်း၊ နိုင်ငံတော်၏ နယ်မြေတစ်ဝှမ်းလုံး သို့မဟုတ် အချို့ဒေသ

များတွင် စစ်အုပ်ချုပ်ရေးကြေညာပြီး လွှတ်တော်သို့ ချက်ချင်းအကြောင်းကြားခြင်း၊ နိုင်ငံတော်လုံခြုံရေးဝန်ဆောင်မှုကို ၎င်း၏လုပ်ပိုင်ခွင့်အောက်တွင် ဖွဲ့စည်းထားရှိခြင်း၊ နိုင်ငံတော်ကောင်စီဝင်အားခန့်အပ်ခြင်းနှင့် ရာထူးမှထုတ်ပယ်ခြင်း၊ လုံခြုံရေးကောင်စီနှင့် အခြားသော အတိုင်ပင်ခံနှင့်အကြံပေးအဖွဲ့များအပြင် ကာဇက်စတန်ပြည်သူ့ညီလာခံနှင့် တရားရေးဆိုင်ရာကောင်စီတို့ ဖွဲ့စည်းတည်ထောင်ထားရှိခြင်း၊[65] နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌများနှင့်ဆွေးနွေးတိုင်ပင်ပြီးနောက် ပါလီမန် သို့မဟုတ် အောက်လွှတ်တော် (Mazhilis) ကို ဖျက်သိမ်းနိုင်သည်။[66]

## (ခ) အစိုးရအဖွဲ့

၄၆။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရအဖွဲ့ကိုဖွဲ့စည်းထားသည်။[67] အစိုးရအဖွဲ့သည် ကာဇက်စတန်သမ္မတနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးကာ အုပ်ချုပ်ရေးအဖွဲ့များကို ဦးစီးပြီး ၎င်းတို့၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ညွှန်ကြားပေးရသည်။[68] အစိုးရအဖွဲ့သည် အစုအဖွဲ့တစ်ခုဖြစ်ပြီး နိုင်ငံတော်သမ္မတနှင့် ပါလီမန်ကို တာဝန်ခံရသည်။[69]

၄၇။ အစိုးရအဖွဲ့သည် နိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်သည့် အဓိကညွှန်ကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ငြိမ်ဝပ်ပိပြားရေး၊ လုံခြုံရေး၊ကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်သမ္မတ၏သဘောတူညီချက်ဖြင့် နိုင်ငံတော်တွင် ဆောင်ရွက်မည့်အစီအစဉ်များကို အတည်ပြုခြင်းနှင့်၎င်းအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေနှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်မှု အစီရင်ခံစာအား ပါလီမန်သို့တင်သွင်းခြင်း၊ အောက်လွှတ်တော်သို့ ဥပဒေကြမ်းများတင်သွင်းခြင်း၊ နိုင်ငံပိုင်ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊ နိုင်ငံခြားရေးမူဝါဒများကို အကောင်အထည်ဖော်ရန် အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနများ၊ ပြည်နယ်ကော်မရှင်များနှင့် အခြားဗဟိုနှင့် ဒေသန္တရအဆင့်ရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍

[65] Article 44 of the Constitution of the Kazakhstan, 1995

[66] Article 62 of the Constitution of the Kazakhstan, 1995

[67] Article 65(1) of the Constitution of the Kazakhstan, 1995

[68] Article 64(1) of the Constitution of the Kazakhstan, 1995

[69] Article 64(2) of the Constitution of the Kazakhstan, 1995

ညွှန်ကြားခြင်း၊ ယင်းအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို တစ်စိတ်တစ်ပိုင်း သော်လည်းကောင်း၊ အလုံးစုံသော်လည်းကောင်း၊ ပယ်ဖျက်ခွင့် သို့မဟုတ် ဆိုင်းငံ့ခွင့် ရှိသည်။[70]

## (ဂ) ဝန်ကြီးချုပ်

၄၈။ နိုင်ငံတော်သမ္မတသည် အောက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဝန်ကြီးချုပ်ကို ခန့်အပ်နိုင်ပြီး ရာထူးမှလည်းဖယ်ရှားနိုင်သည်။[71] ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များ အပေါ် စီစဥ်ညွှန်ကြားပြီး တာဝန်ယူမှုရှိရသည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့မှ ထုတ်ပြန်သည့် အမိန့်များကို လက်မှတ်ရေးထိုးခြင်း၊ အစိုးရအဖွဲ့၏ အရေးကြီးသောဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက် အားလုံးနှင့်စပ်လျဥ်း၍ နိုင်ငံတော်သမ္မတနှင့် ပါလီမန်သို့ အစီရင်ခံတင်ပြရခြင်း၊ အစိုးရအဖွဲ့၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ အဖွဲ့အစည်းများနှင့်စပ်လျဥ်း၍ အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသည်။[72] ဝန်ကြီးချုပ်သည် ကာဇက်စတန်နိုင်ငံတစ်ဝှမ်းလုံးအပေါ် စည်းနှောင်အား ရှိသည့် အမိန့်များ ထုတ်ပြန်ရမည်ဖြစ်ပြီး ၎င်းထုတ်ပြန်သည့် အမိန့်နှင့်ညွှန်ကြားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်သမ္မတက ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ ဥပဒေများတို့နှင့် ဆန့်ကျင်ကွဲလွဲမှု မရှိစေရပေ။[73] သို့ဖြစ်ရာ ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတနှင့် ပါလီမန်ကို တာဝန်ခံရသော အစိုးရအဖွဲ့၏ အကြီးအကဲ ဖြစ်သည်ဟု လေ့လာသုံးသပ်ရရှိပါသည်။

## တရားစီရင်ရေး

၄၉။ ကာဇက်စတန်နိုင်ငံ၏ တရားမျှတမှုဆိုင်ရာကိစ္စရပ်များကို တရားရုံးဥပဒေများဖြင့် အဆုံး အဖြတ်ပေးခြင်း ဖြစ်ပါသည်။ တရားစီရင်ရေးအာဏာကို တရားမမှု၊ ပြစ်မှုတို့ကို စစ်ဆေးခြင်း နည်းလမ်းများနှင့် ဥပဒေက သတ်မှတ်ထားသော တရားစီရင်ရေးဆိုင်ရာ အခြားသော ပုံစံများဖြင့် ကျင့်သုံးဆောင်ရွက်ပြီး ပြစ်မှုများ ဆုံးဖြတ်ရာတွင် ဂျူရီလူကြီးများ ပါဝင်သည့် အဖွဲ့ဖြင့် စစ်ဆေး စီရင်ပါသည်။ ကာဇက်စတန်သမ္မတနိုင်ငံ၏ တရားရုံးများမှာ တရားလွှတ်တော်ချုပ်၊ ဒေသဆိုင်ရာ တရားရုံးများနှင့် ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများ ဖြစ်ကြသည်။[74] တရားစီရင်ရေးအာဏာကို ကာဇက်စတန်သမ္မတနိုင်ငံအမည်ဖြင့် ကျင့်သုံးရမည်ဖြစ်ပြီး ရည်ရွယ်ချက် မှာ သမ္မတနိုင်ငံ၏ နိုင်ငံတကာသဘောတူစာချုပ်များ၊ စံအဖြစ် သတ်မှတ်ထားသော စည်းမျဥ်း စည်းကမ်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ အာဏာတည်စေရန်အပြင် အဖွဲ့အစည်းများနှင့်

[70] Article 66 of the Constitution of the Kazakhstan, 1995

[71] Article 44(3) of the Constitution of the Kazakhstan, 1995

[72] Article 67 of the Constitution of the Kazakhstan, 1995

[73] Article 69(2)(3) of the Constitution of the Kazakhstan, 1995

[74] Article 75(1)(2)(3) of the Constitution of the Kazakhstan, 1995

နိုင်ငံသားများ၏ အကျိုးစီးပွားများ တရားဝင်ဖြစ်စေရန်၊ လွတ်လပ်မှုနှင့် အခွင့်အရေးများကို ကာကွယ်ပေးရန် ရည်ရွယ်သည်။[75]တရားစီရင်ရေးအာဏာသည် အပြည်ပြည်ဆိုင်ရာ စာချုပ်များ၊ ဥပဒေများ၊ အခြားစည်းမျဉ်းစည်းကမ်းဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို အခြေခံ၍ ပေါ်ပေါက်လာသော အငြင်းပွားမှုများနှင့် ကိစ္စရပ်အားလုံးတို့အပေါ် သက်ရောက်မှုရှိသည်။ တရားရုံးများ၏ စီရင်ချက်များ၊ ဆုံးဖြတ်ချက်များနှင့် စီရင်ထုံးများသည် ကာဇက်စတန်သမ္မတ နိုင်ငံတစ်ဝှမ်းလုံး အပေါ် စည်းနှောင်မှုရှိသည်။[76]

## (က) တရားလွှတ်တော်ချုပ်

၅၀။ ကာဇက်စတန်သမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်သည် အမြင့်ဆုံးတရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်။[77] တရားလွှတ်တော်ချုပ် ဥက္ကဋ္ဌနှင့် တရားသူကြီးများကို အမြင့်ဆုံး တရားစီရင်ရေးဆိုင်ရာကောင်စီ၏ထောက်ခံချက်ဖြင့် သမ္မတက အဆိုတင်သွင်းပြီး အထက်လွှတ်တော်က ရွေးချယ်ခန့်အပ်သည်။[78] ဒေသန္တရတရားရုံးများနှင့် အခြားတရားရုံးများ၏ ဥက္ကဋ္ဌနှင့် တရားသူကြီးများကို အမြင့်ဆုံးတရားစီရင်ရေးဆိုင်ရာကောင်စီ၏ ထောက်ခံချက်ဖြင့် သမ္မတက ခန့်အပ်ပါသည်။[79] နိုင်ငံတော်သမ္မတက အမြင့်ဆုံးတရားစီရင်ရေးဆိုင်ရာကောင်စီ ဥက္ကဋ္ဌကို အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်သည်။[80]

၅၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၈ တွင် "တရားရုံးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ တရားဝင်ဆောင်ရွက်ချက်များကို ကျင့်သုံးခွင့် မရှိစေရ၊ အဆိုပါ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ တရားဝင်ဆောင်ရွက်ချက်များသည် ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်သည်ဟု လျှောက်ထားချက်အရ တွေ့ရှိရလျှင် အဆိုပါတရားရုံးသည် အမှုကို ဆက်လက်ဆောင်ရွက်ခြင်း မပြုဘဲ ဥပဒေနှင့်အညီဆိုင်းငံ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်ကြေညာပေးရန် အဆိုပြုချက်နှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းရမည်" ဟု

[75] Article 76 (1) of the Constitution of the Kazakhstan, 1995

[76] Article 76 (2)(3) of the Constitution of the Kazakhstan, 1995

[77] Article 81 of the Constitution of the Kazakhstan, 1995

[78] Article 82(1) of the Constitution of the Kazakhstan, 1995

[79] Article 82(2) of the Constitution of the Kazakhstan, 1995

[80] Article 82(4) of the Constitution of the Kazakhstan, 1995

ပြဋ္ဌာန်းထားသည်။[81] အဆိုပါအပိုဒ်သည် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၃ ပါ ပြဋ္ဌာန်းချက်နှင့် အလားတူသည် ဟု သုံးသပ်ရရှိပါသည်။

၅၂။ တရားရုံးများကို ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့်အညီ ကာကွယ်ပေးခြင်းခံရသော လွတ်လပ်သည့် အမြဲတမ်းတရားသူကြီးများ (Permanent judges) ဖြင့် ဖွဲ့စည်းထားရှိသည်။ တရားသူကြီးတစ်ဦး၏ လုပ်ပိုင်ခွင့်အာဏာများကို ဥပဒေက သတ်မှတ်ထားသော အကြောင်းပြချက်ဖြင့်သာ ရပ်စဲခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းများကို ဆောင်ရွက်နိုင်သည်။[82] တရားသူကြီး တစ်ဦးသည် ကြီးလေးသောရာဇဝတ်မှု သို့မဟုတ် အခင်းဖြစ်ပွားရာနေရာတွင် ဖမ်းဆီးခံရခြင်းမှလွဲ၍ အထက်လွှတ်တော်၏ သဘောတူညီချက်မပါရှိခြင်း သို့မဟုတ် အမြင့်ဆုံး တရားစီရင်ရေးဆိုင်ရာကောင်စီ၏ သဘောထားမှတ်ချက်ပေါ် အခြေခံ၍ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်မပါရှိဘဲ တရားသူကြီးတစ်ဦးကို ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ခတ် အရေးယူမှု သို့မဟုတ် ပြစ်မှုကြောင်းအရ အရေးယူခြင်းတို့ကို မဆောင်ရွက်နိုင်ပေ။[83]

၅၃။ တရားသူကြီးတစ်ဦးသည် စာပေသင်ကြားပို့ချခြင်း၊ သုတေသနပြုခြင်းနှင့် အခြားတီထွင်ဖန်တီးမှု လုပ်နေသူများ၊ စွန့်ဦးတီထွင်စီးပွားရေးသမားများ၊ အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်တွင် အဖွဲ့ဝင်အဖြစ် လုပ်ကိုင်နေသူများ သို့မဟုတ် စီးပွားရေးရာအဖွဲ့အစည်း တစ်ခုခုတွင် ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေသူများမှအပ လစာဖြင့် တာဝန်ထမ်းဆောင်နေသူများ၊ ကိုယ်စားလှယ်ရာထူးရယူထားသူများ မဟုတ်ရပေ။[84] တရားသူကြီးများ၏ နေရာထိုင်ခင်းနှင့် တရားရုံးများ၏ ဘဏ္ဍာငွေသုံးစွဲခြင်းများကို နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးစွဲရမည်ဖြစ်ပြီး တရားစီရင်ရေးတွင် အပြည့်အဝလွတ်လပ်ခွင့်ရှိစေရမည် ဖြစ်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၀ တွင် ပြဋ္ဌာန်းထားပါသည်။[85]

### (ခ) တရားသူကြီးများလိုက်နာရမည့် တရားစီရင်ရေးအခြေခံမူများ

၅၄။ တရားသူကြီးတစ်ဦးသည် တရားစီရင်ရာတွင် လွတ်လပ်မှုရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကို လေးစားလိုက်နာရသည်။[86] တရားစီရင်ရေးတွင် ဝင်ရောက်စွက်ဖက်မှုမှန်သမျှကို လက်သင့်ခံမည်မဟုတ်ဘဲ **ဥပဒေနှင့်အညီ အပြစ်ပေးခြင်း ခံရမည်ဖြစ်ကြောင်း**နှင့် တရားသူကြီး

---

[81] Article 78 of the Constitution of the Kazakhstan, 1995

[82] Article 79(1) of the Constitution of the Kazakhstan, 1995

[83] Article 79(2) of the Constitution of the Kazakhstan, 1995

[84] Article 79(4) of the Constitution of the Kazakhstan, 1995

[85] Article 80 of the Constitution of the Kazakhstan, 199

[86] Article 77(1) of the Constitution of the Kazakhstan, 1995

များသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အမှုကိစ္စရပ်များအတွက် ဖြေကြားမည် မဟုတ်ကြောင်းကို အပိုဒ် ၇၇ (၂)တွင် ပြဋ္ဌာန်းထားပါသည်။[87] တရားသူကြီးတစ်ဦးသည် ဥပဒေကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုက်နာရမည့် မူသဘောတရားများကိုလည်း ပြဋ္ဌာန်းထားပါသည်။ ၎င်းတို့မှာ လူတစ်ဦးတစ်ယောက်သည် ပြစ်မှုကျူးလွန်သည်ဟု တရားရုံးက အပြီးသတ် ဆုံးဖြတ်ချက် မချမှတ်မချင်း အပြစ်ကင်းသည်ဟု မှတ်ယူရခြင်း၊ မည်သူမျှ ပြစ်မှုကျူးလွန်သည့်ကိစ္စရပ်အတွက် ပြစ်မှုကြောင်းအရဖြစ်စေ စီမံခန့်ခွဲမှုအရဖြစ်စေ တာဝန်ရှိမှုကို နှစ်ကြိမ်ကျခံခွင့် မရှိစေရခြင်း၊ ဥပဒေက သတ်မှတ်ထားသည့်အတိုင်း စွပ်စွဲခံရသူ၏ ဆန္ဒမပါရှိဘဲ စီရင်ဆုံးဖြတ်မည့်နေရာဒေသကို မပြောင်းလဲနိုင်ခြင်း၊ လူတိုင်းသည် တရားရုံးတွင် ကြားနာခွင့်ရှိခြင်း၊ နိုင်ငံသားများအပေါ် သတ်မှတ်သည့် တာဝန်ရှိမှုများ (သို့မဟုတ်) အသစ်ပြဋ္ဌာန်းသည့် တာဝန်ရှိမှုတို့သည် နိုင်ငံသားများနှင့် ထိုသူတို့အပေါ် အခြေအနေကို ပိုမိုဆိုးရွားစေသည့် ဥပဒေများဖြစ်၍ နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိစေရ။ (မည်သည့် ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန်အာဏာ သက်ရောက်မှုမရှိစေရ။) ပြစ်မှုကျူးလွန်ပြီးနောက် ယင်းပြစ်မှုဥပဒေအရ တာဝန်ရှိမှုကို ဖျက်သိမ်းခြင်း သို့မဟုတ် လျော့ချခြင်းများဖြစ်ပါက လိုက်နာရန် တာဝန်ရှိမှုများအတွက် ဥပဒေအသစ်ကို လိုက်နာကျင့်သုံးရမည်။ စွပ်စွဲခံရသူသည် ၎င်းအပြစ်ကင်းစင်ကြောင်းကို သက်သေပြရန် တာဝန်မရှိပေ။ မည်သူမဆို ပြစ်မှုကျူးလွန်သူ ကိုယ်တိုင် သို့မဟုတ် ၎င်း၏ ဇနီး/ခင်ပွန်း သို့မဟုတ် ဆွေးမျိုးနီးစပ်သူများကို ဆန့်ကျင်၍ သက်သေခံရန် တာဝန်မရှိချေ။ ပြစ်မှုကျူးလွန်မှုနှင့် ပတ်သက်၍ သံသယတစ်စုံ တစ်ရာရှိခဲ့လျှင် စွပ်စွဲခံရသူအပေါ် မျက်နှာသာပေးပြီး အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်ကြောင်း၊[88] သံသယအကျိုးကို စွပ်စွဲခံရသူသည်သာ ခံစားခွင့်ရှိသောမူကို ဆိုလိုခြင်းဖြစ်ပါသည်။ တရားမဝင်သော နည်းဖြင့် ရရှိသည့် သက်သေအထောက်အထားများသည် သက်သေခံအဖြစ် တရားဝင်မည် မဟုတ်ကြောင်းနှင့် စွပ်စွဲခံရသူ၏ ဖြောင့်ချက်တစ်ခုတည်းဖြင့် မည်သူ့ကိုမျှ အပြစ်မပေးရ၊ ပြစ်မှုဆိုင်ရာ ဥပဒေကို ကျင့်သုံးရာတွင် တူညီချက်ကို အခြေခံ၍ တွေးခေါ်ဆင်ခြင်မှုကို ခွင့်မပြုခြင်း[89]တို့ ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော တရားစီရင်ရေးဆိုင်ရာ မူသဘောတရားများသည် တရားသူကြီးများ၊ တရားရုံးများအားလုံးနှင့်သက်ဆိုင်ပြီး တညီတညွတ်တည်း လိုက်နာဆောင်ရွက်ရသည်။[90]

---

[87] Article 77(2) of the Constitution of the Kazakhstan, 1995

[88] Doubt in favour of the Defedeant, Guilty beyond reasonable doubt. Criminal Procedure principle in dubio pro rio

[89] Article 77(3) (the application of criminal law by analogy shall not be permitted.)

[90] Article 77(4) of the Constitution of the Kazakhstan, 1995

## (ဂ) ရှေ့နေချုပ်နှင့် အစိုးရဥပဒေရုံးများ

၅၅။ အစိုးရဥပဒေရုံးများသည် ကာဇက်စတန်သမ္မတနိုင်ငံ၏ နယ်နိမိတ်အတွင်း ဥပဒေများကို လေးစားလိုက်နာမှုကို ကြီးကြပ်ရန်၊ တရားရုံးတွင် နိုင်ငံ၏ အကျိုးစီးပွားများအတွက် ကိုယ်စားပြု ဆောင်ရွက်ရန်နှင့် ရာဇဝတ်မှုများတွင် နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ခြင်းများကို ဥပဒေက သတ်မှတ်ထားသောနည်းလမ်းများနှင့် သတ်မှတ်ချက်ဘောင်အတွင်းမှ နိုင်ငံတော်ကိုယ်စား ဆောင်ရွက်ရသည့် ရုံးဖြစ်သည်။[91] အစိုးရဥပဒေရုံးသည် တစ်ခုတည်းသော ဗဟိုချုပ်ကိုင်မှုစနစ်ဖြင့် ဖွဲ့စည်းထားပြီး ရှေ့နေချုပ်ရုံး၊ အထက်ဥပဒေရုံးများနှင့် လက်အောက်ခံ ဥပဒေရုံးများ ပါဝင်သည်။ ထိုဥပဒေရုံးများသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များ ကျင့်သုံးရာတွင် လွတ်လပ်စွာကျင့်သုံးပြီး နိုင်ငံတော် သမ္မတတစ်ဦးတည်းကိုသာ တာဝန်ခံရသည်။[92] ရှေ့နေချုပ်ကို ၎င်းတာဝန် ထမ်းဆောင်နေစဉ် ကာလအတွင်း ကြီးလေးသောရာဇဝတ်မှု သို့မဟုတ် အခင်းဖြစ်ပွားရာနေရာတွင် ဖမ်းဆီးခံရခြင်းမှ အပ အထက်လွှတ်တော်၏ သဘောဆန္ဒမပါဘဲ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ခတ်အရေးယူမှု သို့မဟုတ် ပြစ်မှုကြောင်းအရ အရေးယူခြင်းတို့ကို မဆောင်ရွက်နိုင်ပေ။ ရှေ့နေချုပ်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်သည်။[93]

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၅၆။ ၁၉၉၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။[94] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်သည့် အဖွဲ့အစည်း ဖြစ်သည်။[95]

၅၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌအပါအဝင် တရားသူကြီး ၁၁ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်တမ်းမှာ ၈ နှစ်ဖြစ်သည်။ တရားသူကြီးတစ်ဦးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးအဖြစ် တစ်ကြိမ်ထက်ပို၍ တာဝန်မထမ်းဆောင်နိုင် ပေ။ [96] နိုင်ငံတော်သမ္မတသည် အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံး ဥက္ကဋ္ဌကို ခန့်အပ်သည်။[97] တရားသူကြီး ၁၀ ဦးအနက် ၄ ဦးကို နိုင်ငံတော် သမ္မတက ခန့်အပ်ပြီး ၃ ဦးကို အထက်လွှတ်တော်နှင့် ကျန် ၃ ဦးကို အောက်လွှတ်တော်တို့က

---

[91] Article 83(1) of the Constitution of the Kazakhstan, 1995

[92] Article 83(2) of the Constitution of the Kazakhstan, 1995

[93] Article 83(3) of the Constitution of the Kazakhstan, 1995

[94] https://www.gov.kz/memleket/entities/ksrk/press/article/details/57767?lang=en

[95] Encyclopedia of world constitutions

[96] Article 71(1) of the Constitution of the Kazakhstan, 1995

[97] Article 71(2) of the Constitution of the Kazakhstan, 1995

ခန့်အပ်ပြီး ၎င်းတို့အနက်မှ တရားသူကြီး ၁ ဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌ၏ ထောက်ခံချက်ဖြင့် နိုင်ငံတော်သမ္မတက ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်အပ်သည်။[98]

၅၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများသည် စာပေသင်ကြားပို့ချခြင်း၊ သုတေသနပြုခြင်းနှင့် အခြားတီထွင်ဖန်တီးမှု လုပ်နေသူများ၊ စွန့်ဦးတီထွင်စီးပွားရေးသမားများ၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်တွင် အဖွဲ့ဝင်အဖြစ် လုပ်ကိုင်နေသူများ သို့မဟုတ် စီးပွားရေးရာအဖွဲ့အစည်း တစ်ခုခုတွင် ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေသူများမှအပ လစာဖြင့် တာဝန်ထမ်း ဆောင်နေသူများ၊ ကိုယ်စားလှယ်ရာထူး ရယူထားသူများ မဟုတ်ရပေ။[99] ၎င်းတို့ တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း ကြီးလေးသော ရာဇဝတ်မှု သို့မဟုတ် အခင်းဖြစ်ပွားရာနေရာတွင် ဖမ်းဆီးခံရခြင်း မှလွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများကို ပါလီမန်၏ သဘောတူညီချက် မပါဘဲ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ တရားရုံးက ချမှတ်ထားသော စီမံခန့်ခွဲမှုဆိုင်ရာဒဏ်ခတ် အရေးယူမှုနှင့် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းတို့ကို မပြုလုပ်နိုင်ပေ။[100]

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းနိုင်သူများနှင့် တင်သွင်းနိုင်သည့်ကိစ္စရပ်များ

၅၉။ နိုင်ငံတော်သမ္မတ၊ အထက်လွှတ်တော် ဥက္ကဋ္ဌ၊ အောက်လွှတ်တော် ဥက္ကဋ္ဌ၊ ပါလီမန် ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၅ပုံ ၁ပုံ ၊ ဝန်ကြီးချုပ်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှုတင်သွင်းနိုင်သည်–

(က) နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်ခြင်း၊ ပါလီမန်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခြင်းတို့နှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော အငြင်းပွားမှုများ၊

(ခ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်းမပြုမီ ပါလီမန်က ပြဋ္ဌာန်းထားသော ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/ မရှိကို စိစစ်ခြင်း၊

(ဂ) ပါလီမန်နှင့် အထက်လွှတ်တော်/ အောက်လွှတ်တော်တို့က ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/ မရှိ စိစစ်ခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာစာချုပ်များကို လက်မှတ်ရေးထိုးအတည်မပြုမီ အဆိုပါ စာချုပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/ မရှိ စိစစ်ခြင်း၊

---

[98] Article 71(3) of the Constitution of the Kazakhstan, 1995

[99] Article 71(4) of the Constitution of the Kazakhstan, 1995

[100] Article 71(5) of the Constitution of the Kazakhstan, 1995

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(စ) နိုင်ငံတော်သမ္မတအား စွပ်စွဲပြစ်တင်ခြင်းကိစ္စရပ်များတွင် အပြီးသတ် ကောက်ချက်ချမှတ်ပေးခြင်းတို့ကို ဆောင်ရွက်သည်။[101]

၆၀။ ထို့အပြင် နိုင်ငံတော်သမ္မတက နိုင်ငံ၏အချုပ်အခြာအာဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့်စပ်လျဉ်း၍ တင်သွင်းလာသည့် လျှောက်ထားမှုများနှင့် တရားရုံးများမှ တင်သွင်းသည့် တင်သွင်းလွှာများကို စိစစ်ခြင်း၊[102] နိုင်ငံသားများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပေးအပ်ထားသည့် ၎င်းတို့၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ထိခိုက်မှုရှိစေသည့် ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/ မရှိ စိစစ်ပေးရန် နိုင်ငံသားများက တင်သွင်းလာပါက စိစစ်ခြင်း၊[103] ရှေ့နေချုပ်က အပြည်ပြည်ဆိုင်ရာစာချုပ်များကို စိစစ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့နှင့် စပ်လျဉ်း၍ တင်သွင်းသည့် ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ်ခြင်း[104]နှင့် လူ့အခွင့်အရေး ကော်မရှင်နာက တင်သွင်းသည့် တိုင်တန်းချက်များကို ပြန်လည်သုံးသပ်ခြင်း[105] တို့ကို ဆောင်ရွက်သည်။

၆၁။ ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု မရှိဟု သတ်မှတ်ထားသော ဥပဒေများနှင့် နိုင်ငံတကာသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်း သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ မပြုလုပ်နိုင်ပေ။[106] ထို့အပြင် ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော နိုင်ငံသားများ၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ချိုးဖောက်ခြင်းများ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု မရှိသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီဆိုင်ရာပြဋ္ဌာန်းချက်များ၊ ဥပဒေများနှင့်အခြားပြဋ္ဌာန်းဥပဒေများကို ပယ်ဖျက်ရမည်ဖြစ်ပြီး ၎င်းတို့ကို ပယ်ဖျက်သည့်နေ့ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ကျင့်သုံးဆောင်ရွက်ခြင်း မပြုရပေ။[107]

---

[101] Article 72(1) of the Constitution of the Kazakhstan, 1995

[102] Article 72(2) of the Constitution of the Kazakhstan, 1995

[103] Article 72(3) of the Constitution of the Kazakhstan, 1995

[104] Article 72(4) of the Constitution of the Kazakhstan, 1995

[105] Article 72(5) of the Constitution of the Kazakhstan, 1995

[106] Article 74(1) of the Constitution of the Kazakhstan, 1995

[107] Article 74(2) of the Constitution of the Kazakhstan, 1995

၆၂။ တရားရုံးတစ်ရုံးသည် ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် နိုင်ငံသားတို့၏ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များနှင့်စပ်လျဉ်း၍ ၎င်းတို့ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အဆိုပါအမှုအား ဆက်လက်စစ်ဆေးခြင်းကို ဆိုင်းငံ့ထားပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ညီညွတ်ခြင်းရှိ/မရှိ စိစစ်ပေးရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လျှောက်ထားရန်တာဝန်ရှိသည်။[108] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်များသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ အာဏာသက်ရောက်ပြီး နိုင်ငံတစ်ဝှမ်းလုံးအပေါ် စည်းနှောင်အား ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအပြီးသတ် (Final) ဖြစ်ပြီး အယူခံဝင်ခွင့် မရှိချေ။[109]

**ဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရ လွှတ်တော်များ (The Maslikhats)**

**(က) ဒေသန္တရအုပ်ချုပ်ရေး**

၆၃။ ဒေသန္တရအုပ်ချုပ်ရေးကို သက်ဆိုင်ရာအုပ်ချုပ်ရေးနယ်မြေများနှင့် ပြည်သူတို့၏ ဆန္ဒကို ပြည်သူ့ကိုယ်စား ထုတ်ဖော်ပြောဆိုပေးရသော ဒေသန္တရကိုယ်စားလှယ်များမှ ဆောင်ရွက်သည်။[110] ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသည် ကာဇက်စတန်သမ္မတနိုင်ငံ၏ အုပ်ချုပ်ရေးအဖွဲ့များကို ပေါင်းစည်းထားသည့်စနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး သက်ဆိုင်ရာနယ်မြေများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များနှင့် အကျိုးစီးပွားများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးအာဏာ၏ ပြည်နယ်မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။[111]

၆၄။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသည် ဒေသန္တရဘတ်ဂျက်သုံးစွဲခြင်းနှင့် ဒေသများလူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစီအစဉ်များ၊ အစီအမံများ ရေးဆွဲချမှတ်ခြင်း၊ အများနှင့် သက်ဆိုင်သော ပစ္စည်းများကို စီမံခန့်ခွဲပေးခြင်း၊ ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ အကြီးအကဲများကို ရွေးချယ်ခန့်အပ်ပေးခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းနှင့် လုပ်ငန်းအဖွဲ့အစည်းနှင့် ပတ်သက်သော ပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ဥပဒေပြုရေးအဖွဲ့က ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များအပေါ် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးခြင်းတို့ကို ဆောင်ရွက်သည်။[112]

၆၅။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့စီကို သက်ဆိုင်ရာနယ်မြေဒေသတွင် စီမံခန့်ခွဲပိုင်ခွင့်ရှိသူ မြို့တော်ဝန်(Akim)က ဦးစီးပြီး ၎င်းမြို့တော်ဝန်သည် နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ ကိုယ်စား

---

[108] Article 78 of the Constitution of the Kazakhstan, 1995

[109] Article 74(3) of the Constitution of the Kazakhstan, 1995

[110] Article 85 of the Constitution of the Kazakhstan, 1995

[111] Article 87(1) of the Constitution of the Kazakhstan, 1995

[112] Article 87(2) of the Constitution of the Kazakhstan, 1995

ဆောင်ရွက်သူဖြစ်သည်။[113] ပြည်နယ်များ၊ မြို့များနှင့် အထင်ကရမြို့တော်များမှ မြို့တော်ဝန်များ (Akim)ကို သက်ဆိုင်ရာပြည်နယ်များ၊ မြို့များနှင့် အထင်ကရမြို့တော်များတွင် ရှိသည့် ဒေသန္တရ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ရွေးချယ်ခန့်အပ်သည်။ နိုင်ငံတော်သမ္မတသည် ယင်းသက်ဆိုင်ရာဒေသအသီးသီး၏ မြို့တော်ဝန်များကို ရာထူးမှ ထုတ်ပယ် ခွင့်ရှိသည်။[114]

## (ခ) ဒေသန္တရ လွှတ်တော်များ (The Maslikhats)

၆၆။ ဒေသန္တရလွှတ်တော်များ (The Maslikhats) သည် သက်ဆိုင်ရာနယ်မြေဒေသနှင့်ပြည်သူ များ၏ ဆန္ဒကို ထုတ်ဖော်ပြောဆိုပေးသည့် ဒေသန္တရကိုယ်စားလှယ်များအဖွဲ့ဖြစ်သည်။[115]ဒေသန္တရ လွှတ်တော်ကိုယ်စားလှယ်များ၏ ရာထူးသက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး ပြည်သူများမှ တိုက်ရိုက် ရွေးကောက်တင်မြှောက်သည်။[116] အသက် ၂၀ နှစ်ပြည့်ပြီးသူ ကာဇက်စတန်နိုင်ငံသားတိုင်းသည် ဒေသန္တရလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။[117]

၆၇။ ဒေသန္တရလွှတ်တော်များ၏ လုပ်ပိုင်ခွင့်များမှာ– ဒေသတွင်းအကောင်အထည်ဖော် ဆောင် ရွက်မှုနှင့်စပ်လျဉ်း၍ အစီရင်ခံစာများ၊ ဒေသန္တရဘတ်ဂျက်သုံးစွဲခြင်းကိစ္စများနှင့် သက်ဆိုင်ရာ နယ်မြေဒေသတွင်း လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစီအစဉ်များ၊ အစီအမံများကို အတည်ပြုပေးခြင်း၊ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းပုံများနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသော ပြဿနာရပ်များကို ဖြေရှင်းခြင်း၊ ဒေသန္တရအုပ်ချုပ်မှုဆိုင်ရာအဖွဲ့များ၏ အကြီးအကဲများက တင်သွင်းသည့် အစီရင်ခံစာများကို ထည့်သွင်းစဉ်းစားခြင်း၊ အမြဲတမ်းကော်မတီနှင့် အခြားလုပ်ငန်း ပိုင်းဆိုင်ရာအဖွဲ့များကို ဖွဲ့စည်းထားရှိခြင်း၊ နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးများရရှိ စေရန်အတွက် အခြားသော လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ခြင်းတို့ဖြစ် သည်။[118] အကယ်၍ ဒေသန္တရလွှတ်တော်သည် ၎င်းကိုယ်တိုင် လွှတ်တော်ဖျက်သိမ်းမည်ဟု ဆုံးဖြတ်ပါက နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်နှင့် အထက်လွှတ်တော်၊ အောက်လွှတ်တော် ဥက္ကဋ္ဌများနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ဒေသန္တရလွှတ်တော်ကို ပုံမှန်ထက်စော၍ ရပ်ဆိုင်းနိုင် သည်။[119]မြို့တော်ဝန်အား အယုံအကြည်မရှိကြောင်းအဆိုကို ဒေသန္တရလွှတ်တော် ကိုယ်စားလှယ်

---

[113] Article 87(3) of the Constitution of the Kazakhstan, 1995

[114] Article 87(4) of the Constitution of the Kazakhstan, 1995

[115] Article 86(1) of the Constitution of the Kazakhstan, 1995

[116] Article 86(2) of the Constitution of the Kazakhstan, 1995

[117] Article 86(3) of the Constitution of the Kazakhstan, 1995

[118] Article 86(4) of the Constitution of the Kazakhstan, 1995

[119] Article 86(5) of the Constitution of the Kazakhstan, 1995

စုစုပေါင်း၏ ၅ ပုံ ၁ ပုံဖြင့် စတင်တင်သွင်းနိုင်သည်။ ယင်းကိစ္စရပ်တွင် ဒေသန္တရလွှတ်တော် ကိုယ်စားလှယ် အများစုက မြို့တော်ဝန်အား အယုံအကြည်မရှိကြောင်းကို ထုတ်ဖော် ပြောဆိုခွင့်ရှိပြီး ၎င်းအား ရာထူးမှဖယ်ရှားရန်ကိစ္စကို နိုင်ငံတော်သမ္မတထံ တင်သွင်းရသည်။[120]

**နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များ**

၆၈။ ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၁၀ မှ အပိုဒ် ၃၉ အထိ ပြဋ္ဌာန်းထားပါသည်။ ကာဇက်စတန်သမ္မတနိုင်ငံတွင် လူ့အခွင့်ရေးနှင့် လွတ်လပ်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသိအမှတ်ပြု အာမခံချက် ပေးထားပြီး[121] မွေးဖွားသည့်အချိန်မှစ၍ ယင်းအခွင့်အရေးများကို အကြွင်းမဲ့ပိုင်ဆိုင်ကာ ပြောင်းလဲ၍ မရနိုင်သော အခွင့်အရေးများအဖြစ် အသိအမှတ်ပြုထားသည်။[122] နိုင်ငံသားတိုင်းတွင် နိုင်ငံသား ဖြစ်မှုအရ အခွင့်အရေးနှင့်တာဝန်များရှိရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်၁၂(၃)တွင် ပြဋ္ဌာန်းထားပါသည်။[123]

၆၉။ ကာဇက်စတန်နိုင်ငံသားတစ်ဦးသည် နိုင်ငံသားဖြစ်ခွင့် ဆုံးရှုံးခြင်း၊ နိုင်ငံသားအဖြစ် ပြောင်းလဲ ပိုင်ခွင့်ကို ဆုံးရှုံးခြင်းနှင့် ကာဇက်စတန်နိုင်ငံမှ နှင်ထုတ်ခြင်းတို့ကို မပြုနိုင်ပေ။ နိုင်ငံ၏ အဓိက အကျိုးစီးပွားကို ထိခိုက်စေသော ကြီးမားသည့် ဆုံးရှုံးမှုဖြစ်ပေါ်စေခြင်းနှင့် အကြမ်းဖက် ရာဇဝတ်မှု များကျူးလွန်ခြင်းကြောင့် နိုင်ငံသားဖြစ်ခွင့် ဆုံးရှုံးခြင်းကို တရားရုံးဆုံးဖြတ်ချက်ဖြင့်သာ ခွင့်ပြုရ မည်။[124]

၇၀။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့် တရားရုံးရှေ့မှောက်တွင် သာတူညီမျှ အခွင့်အရေးရှိပြီး[125] ဥပဒေနှင့်ညီညွတ်မှုရှိသည့် နည်းလမ်းအားလုံးဖြင့် ၎င်းတို့၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ခုခံ ပိုင်ခွင့်ရှိသည်။[126] နိုင်ငံသားများသည် ဥပဒေဆိုင်ရာ အကူအညီများ ရပိုင်ခွင့်ရှိပြီး ၎င်းဥပဒေဆိုင်ရာ အကူအညီများပေးရာတွင် အခမဲ့အကူအညီပေးရမည်။[127] ကာဇက်စတန် သမ္မတနိုင်ငံ နိုင်ငံသားတိုင်းသည် အသက်ရှင်သန်ခွင့်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သေဒဏ် ချမှတ်ခြင်းကို တားမြစ်ထားသည်။[128] ထို့ပြင် မည်သူမျှ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အကြမ်းဖက်ခြင်း၊

---

[120] Article 87(5) of the Constitution of the Kazakhstan, 1995

[121] Article 12(1) of the Constitution of the Kazakhstan, 1995

[122] Article 12(2) of the Constitution of the Kazakhstan, 1995

[123] Article 12(3) of the Constitution of the Kazakhstan, 1995

[124] Article 10(2) of the Constitution of the Kazakhstan, 1995

[125] Article 14(1) of the Constitution of the Kazakhstan, 1995

[126] Article 13(1) of the Constitution of the Kazakhstan, 1995

[127] Article 13(3) of the Constitution of the Kazakhstan, 1995

[128] Article 15(1)(2)of the Constitution of the Kazakhstan, 1995

အခြားရက်စက်ကြမ်းကြုတ်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြစ်ဒဏ်ပေးခြင်းတို့ကို မခံစားစေရ။[129] ကာဇက်စတန်သမ္မတနိုင်ငံသားများသည် ဥပဒေက ပြဋ္ဌာန်းထားသော နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်မှုထမ်းဆောင်ရသည်။[130]

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

၇၁။ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းများကို နိုင်ငံတော်သမ္မတ၊ ပါလီမန် သို့မဟုတ် အစိုးရ၏ အဆိုပြုချက်အပေါ် နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆောင်ရွက်သည်။ ပြင်ဆင်မည့်ဥပဒေနှင့် ဖြည့်စွက်မည့် ဥပဒေမူကြမ်းများကို ပါလီမန်တွင် လက်ခံစဉ်းစားရန် နိုင်ငံတော်သမ္မတက ဆုံးဖြတ်ပါက အဆိုပါမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ဆောင်ရွက်ခြင်းမပြုရ။ ယင်းကိစ္စရပ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သည့် နည်းလမ်းအတိုင်း ပါလီမန်၏ အဆုံးအဖြတ်ကို ခံယူရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များနှင့် ဖြည့်စွက်ချက်များကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆောင်ရွက်ရန် ပါလီမန်၏ အကြံပြုချက်ကို နိုင်ငံတော်သမ္မတက ပယ်ချပါက ပါလီမန်သည် လွှတ်တော်အသီးသီးရှိ ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံး ၅ ပုံ ၄ ပုံ ဖြင့် အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းများနှင့် ဖြည့်စွက်ခြင်းများကို ဆောင်ရွက်မည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်သည်။ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတသည် ၎င်းဥပဒေကို လက်မှတ်ရေးထိုးရမည် သို့မဟုတ် ယင်းဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသို့ တင်သွင်းရမည်ဖြစ်ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ ဆန္ဒမဲပေးရန် အရည်အချင်း ပြည့်မီသောနိုင်ငံသား ထက်ဝက်ကျော် ပါဝင်ဆန္ဒမဲပေးပါက တရားဝင်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် တင်သွင်းသည့် ပြင်ဆင်ချက်များနှင့် ဖြည့်စွက်ချက်များကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသား ထက်ဝက်ကျော်နှင့် ကာဇက်စတန်သမ္မတနိုင်ငံ၏ ပြည်နယ်များ၊ မြို့တော်များနှင့် အဓိကမြို့ကြီးများရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃ ပုံ ၂ပုံ ခန့်က ထောက်ခံဆန္ဒမဲပေးလျှင် ထိုပြင်ဆင်ချက်များကို သဘောတူ လက်ခံပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။[131]

၇၂။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခြေခံမူသဘောတရားများ၊ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း၊ နိုင်ငံလွတ်လပ်မှု၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ ၇ နှစ် သက်တမ်းအတွက် နိုင်ငံတော်သမ္မတကို ရွေးကောက်တင်မြှောက်သည့် ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်သမ္မတက တစ်ကြိမ်ထက်ပို၍ ရွေးကောက်တင်မြှောက်ခြင်းမပြုရဆိုသော ပြဋ္ဌာန်းချက်

---

129 Article 17(2)of the Constitution of the Kazakhstan, 1995

130 Article 36(2)of the Constitution of the Kazakhstan, 1995

131 Article 91(1)of the Constitution of the Kazakhstan, 1995

များနှင့်စပ်လျဉ်း၍ ပြောင်းလဲပြင်ဆင်၍ မရနိုင်ကြောင်းကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၁ (၂) တွင် ပြဋ္ဌာန်းထားသည်။[132] ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရေးနှင့် ဖြည့်စွက်ချက်များကို ဤအပိုဒ် ၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ သဘောထားဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ သို့မဟုတ် ပါလီမန်တွင် ထည့်သွင်းစဉ်းစားရန် တင်သွင်းရမည်ဖြစ်သည်။[133]

၇၃။ ကာဇက်စတန်သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီး ၁နှစ် အတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မတိုင်မီက ပြဋ္ဌာန်းထားသော ဥပဒေများနှင့် ယင်းဥပဒေများ၏ အာဏာသက်ရောက်မှုရှိသော ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရမည်ဖြစ်ပြီး ၎င်းတို့ကို သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေများအဖြစ် ယူဆရမည်ဖြစ်သည်။[134] ၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော အခြားဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မှစ၍ ၂ နှစ်ထက်နောက်မကျစေဘဲ ပါလီမန်က ပြဋ္ဌာန်းပေးရမည်။[135] ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ရောက်ချိန်တွင် အာဏာတည်သည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သ၍ လိုက်နာကျင့်သုံးနိုင်မည်ဖြစ်သည်။ သို့ရာတွင် ယင်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းသည့်နေ့မှစ၍ ၂ နှစ် အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်စေရမည်။[136]

## သုံးသပ်ချက်

### (က) နိုင်ငံတော်သမ္မတ၏ အာဏာကို လေ့လာတွေ့ရှိချက်အပေါ်သုံးသပ်ချက်

၇၄။ ကာဇက်စတန်သမ္မတနိုင်ငံ အစိုးရဖွဲ့စည်းမှုကို လေ့လာတွေ့ရှိချက်အရ The Republic of Kazakhstan is a unitary state with a persidential form of government ဟု အပိုဒ် ၂ (၁) တွင် ဖော်ပြထား၍ ကာဇက်စတန်သမ္မတနိုင်ငံ၏ သမ္မတသည် အဓိကကျသော အခန်းကဏ္ဍမှ နိုင်ငံတော်၏ အုပ်ချုပ်မှုကျင့်စဉ်တွင် ရှိနေကြောင်း တွေ့ရှိရသော်လည်း Semi– Presidential State ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

---

[132] Article 91(2)of the Constitution of the Kazakhstan, 1995

[133] Article 91(3)of the Constitution of the Kazakhstan, 1995

[134] Article 92(1)of the Constitution of the Kazakhstan, 1995

[135] Article 92(2)of the Constitution of the Kazakhstan, 1995

[136] Article 92(4)of the Constitution of the Kazakhstan, 1995

၇၅။ နိုင်ငံတော်အာဏာ၏ အရင်းအမြစ်သည် ပြည်သူများဖြစ်ကြောင်း အပိုဒ် ၃ (၁) တွင် ဖော်ပြထားပြီး ယင်းတို့၏ နိုင်ငံတော်အချုပ်အခြာအာဏာကို ကျင့်သုံးရာတွင် လွတ်လပ်သော ရွေးကောက်ပွဲများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကျင်းပ၍ တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး ကျင့်သုံးကြောင်း၊ Article 3(2) တွင်ဖော်ပြထားရာ တိုက်ရိုက်ရွေးကောက်ခံ နိုင်ငံတော်သမ္မတနှင့် ပါလီမန်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သတ်မှတ်ထားသောဘောင်အတွင်းမှ ပြည်သူများကိုယ်စား ၎င်းတို့အား အပ်နှင်းထားသော အာဏာကို အသီးသီးကျင့်သုံး၍ အပြန်အလှန်ထိန်းကျောင်းသည့် ယန္တရားကို ဖော်ဆောင်ထားကြောင်း သုံးသပ်နိုင်ပါသည်။

၇၆။ No arrogation of power ကို အပိုဒ် ၃ (၃)တွင် ပြဋ္ဌာန်းထားချက်အရ မည်သူမျှ ကာဇက်စတန်နိုင်ငံတွင် နိုင်ငံတော်အာဏာကို တစ်ဦးတည်းပိုင်အဖြစ် ကျင့်သုံးပိုင်ခွင့် မရှိသကဲ့သို့ Arrogation of authority ကို ကျင့်သုံးခဲ့ပါက ဥပဒေအရ အပြစ်ပေးခံရမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည်လည်း ပါလီမန်နှင့်အတူ အခြေခံဥပဒေဘောင်အတွင်းမှသာ ပြည်သူများနှင့် နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နိုင်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၇၇။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ ဥပဒေနှင့်အညီ တိုက်ရိုက်ရွေးကောက်တင်မြှောက်၍ အခြေခံဥပဒေအရ ပေါ်ပေါက်လာသော သီးခြားသတ်မှတ်ပေးသည့်အာဏာများကို ကျင့်သုံးရပါသည်။ အဆိုပါအာဏာများတွင် နိုင်ငံခြားရေးရာမူဝါဒ၊ အမျိုးသားလုံခြုံရေးနှင့် အခြားသော အလုံးစုံအုပ်ချုပ်မှုကျင့်စဉ်များကို ဆောင်ရွက်ရပါသည်။

၇၈။ သို့ပါ၍ ခြုံငုံသုံးသပ်ပါက ကာဇက်စတန်နိုင်ငံသမ္မတ တာဝန်ထမ်းဆောင်စဉ်အချိန် ကိုင်တွယ်သုံးစွဲနိုင်သည့် အရေးပါသော လုပ်ပိုင်ခွင့်အာဏာသည် နိုင်ငံတော်၏ အခြေခံဥပဒေပါ ဒီမိုကရက်တစ်မူဝါဒများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အတွင်းမှသာ ဆောင်ရွက်နိုင်သည်ဟု သုံးသပ်ရရှိပါသည်။

**(ခ) ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အခန်းကဏ္ဍအပေါ် သုံးသပ်ချက်**

၇၉။ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်း (Costitutional bodies) များတွင် ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အရေးပါဆုံးသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ အကြောင်းမှာ– ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ကာဇက်စတန်နိုင်ငံ အချုပ်အခြာအာဏာ နယ်နိမိတ်အတွင်း **ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးမှုကို အာမခံရသော အဖွဲ့အစည်း**ဖြစ်ကြောင်း တွေ့မြင်ရပါသည်။

၈၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံသားများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတော်၏ အဖွဲ့အစည်းများနှင့် အာဏာပိုင်များထံမှ သီးခြားလွတ်လပ်သော ၎င်း၏လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းဖြစ်ကြောင်း ဥပဒေကြောင်းအရ ရှုမြင်သုံးသပ်ရရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တရားသူကြီး ၁၁ ဦးနှင့် ဖွဲ့စည်းထားရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အဓိကတာဝန်များမှာ ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာစာချုပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ အာမခံနိုင်ရန် ပြန်လည်သုံးသပ်ခြင်းတို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အခြေခံဥပဒေနှင့် ဆက်နွှယ်သော ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအပေါ်တွင်လည်း စီရင်ပိုင်ခွင့်ရှိပါသည်။ ထို့အပြင် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်သည် ချမှတ်သည့်နေ့၌ပင် အာဏာသက်ဝင်ပြီး ကာဇက်စတန်သမ္မတနိုင်ငံ တစ်ဝှမ်းလုံးသို့ အာဏာသက်ရောက်၍ ယင်းဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်ပြီး မည်သည့်အကြောင်းနှင့်မျှ အယူခံဝင်ခွင့်မရှိပါ။[137]

၈၁။ အချုပ်အားဖြင့် တင်ပြရပါလျှင် ကာဇက်စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ကာဇက်စတန်နိုင်ငံအတွင်း၌ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်လျက်ရှိပြီး တရားဥပဒေစိုးမိုးမှုကို **အစဉ်ဖြည့်ဆည်း**ထောက်ခံအားပေးနေသည့် အဖွဲ့အစည်းဖြစ်ကြောင်းနှင့် အခြေခံဥပဒေ ပြန်လည် သုံးသပ်ခြင်းနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကိစ္စရပ်များတွင် ကာဇက်စတန် အခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ထိန်းချုပ်ထားနိုင်သည့် တရားရေး အဖွဲ့အစည်းအဖြစ် ရပ်တည်နေကြောင်း ယင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သုံးသပ်ရရှိပါသည်။

**(ဂ) ပြည်တွင်းနိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခွင့်၊ ပြည်တွင်းအသင်းအဖွဲ့များ တည်ထောင်ခွင့်နှင့် နိုင်ငံတော်အဖွဲ့အစည်းများအတွင်း ပါတီတည်ထောင်ခြင်းကို ကန့်သတ်ခြင်း၊ ပြည်ပနိုင်ငံရေးပါတီ၊ အလုပ်သမားသမဂ္ဂများ၊ ဘာသာရေးအခြေခံသော ပါတီများ၊ ငွေကြေးထောက်ပံ့မှုများကို တားမြစ်ခြင်းအပေါ် သုံးသပ်ချက်**

၈၂။ ကာဇက်စတန်နိုင်ငံသည် လွတ်လပ်စွာသင်းဖွဲ့ခြင်းနှင့် ပါတီနိုင်ငံရေးကို ဖွဲ့စည်းတည်ထောင်ခွင့်ပြုသော်လည်း နိုင်ငံတော်အဖွဲ့အစည်းများအတွင်း ပါတီတည်ထောင်မှုကို ခွင့်မပြုပါ။[138] ဥပဒေအရ အများပြည်သူအသင်းအဖွဲ့များတည်ထောင်ခြင်းကို ခွင့်ပြု၍ ဥပဒေအရာတွင် အားလုံးအညီအမျှဖြစ်ကြောင်း အာမခံထားပြီး နိုင်ငံတော်အဖွဲ့အစည်းများအတွင်း အများပြည်သူအသင်းအဖွဲ့ရေးရာ

[137] Article 74(3) of the Constitution of the Kazakhstan, 1995

[138] Article 5(1) of the Constitution of the Kazakhstan, 1995

များ၊ နိုင်ငံတော်အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို အများပြည်သူရေးရာအဖွဲ့များသို့ လွှဲပြောင်းခြင်းကို ခွင့်မပြုပါ။ [139]

၈၃။ အဓိကအရေးပါသောအချက်မှာ ပြည်ပမှ ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုကို တားဆီးရန် အလို့ငှာ နိုင်ငံခြားပြည်ပမှ နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂ အဖွဲ့အစည်းများ ပြည်တွင်းတွင် လှုပ်ရှားဆောင်ရွက်မှုကို ခွင့်မပြုသကဲ့သို့ ဘာသာရေးကိုအခြေခံသည့်ပါတီများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံခြားတိုင်းပြည်များမှ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်း များ၊ လူပုဂ္ဂိုလ်များက ကာဇက်စတန်နိုင်ငံ၏ နိုင်ငံရေးပါတီများနှင့် အလုပ်သမားသမဂ္ဂများသို့ ငွေကြေးထောက်ပံ့ခြင်းကို ခွင့်မပြုကြောင်း[140] တွေ့ရှိရသည့်အတွက် ပထဝီနိုင်ငံရေးအနေ အထား အရ ရုရှားနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကာဂျစ်စ္စတန်နိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ တာ့ခ်မင် နစ္စတန်နိုင်ငံတို့ဝန်းရံနေပြီး အာရှအလယ်ပိုင်းတွင် နယ်မြေကြီးမားသောနိုင်ငံဖြစ်၍လည်းကောင်း၊ ကာဇက်စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယင်းနိုင်ငံသည်အစ္စလာမ်ဘာသာဝင် အများစု နေထိုင်သော နိုင်ငံဖြစ်ပြီး၊ OIC အဖွဲ့ဝင် နိုင်ငံဖြစ်သော်လည်း နိုင်ငံရေးတရားမျှတမှုရှိစေရန်၊ Secular State ဖြစ်သည်နှင့်အညီ ပြည်ပနိုင်ငံနှင့် ပြည်ပနိုင်ငံ၏ ဘာသာရေးအသင်းအဖွဲ့၊ လူပုဂ္ဂိုလ်များ၏ ငွေကြေးထောက်ပံ့မှုဖြင့် လွှမ်းမိုးနိုင်မှု အလားအလာကို ဟန့်တားသည့် ပြဋ္ဌာန်း ချက်များ ထည့်သွင်း၍ ပြဋ္ဌာန်းထားခြင်းဖြင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်း သည်ဟု သုံးသပ်ရရှိပါသည်။

### (ဃ) ကာဇက်စတန်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုအတွက် နိုင်ငံတကာဆက်နွှယ်မှု အပေါ် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လေ့လာသုံးသပ်ခြင်း

၈၄။ ကာဇက်စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ ပြည်တွင်းဥပဒေနှင့် အပြည်ပြည်ဆိုင်ရာဥပဒေဆက်နွှယ်မှု၊ ပြည်ပမှ ပြည်တွင်းရေးရာများကို ဝင်ရောက်စွက်ဖက်မှု တို့ကို ပြည်တွင်းတွင် လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်စေရန် ထိန်းသိမ်းကာကွယ်သည့် ပြဋ္ဌာန်းချက်များကို အောက်ပါအတိုင်း လေ့လာတွေ့ရှိ သုံးသပ်ရရှိခဲ့ပါသည်-

(က) ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄ အပိုဒ်ခွဲ ၃ အရ ကာဇက်စတန်သမ္မတနိုင်ငံသည် အပြည်ပြည်ဆိုင်ရာဥပဒေတစ်ရပ်ကို ပါဝင်ချုပ်ဆိုရာ၌ Dualistic approach ကျင့်သုံးသည့်မှုကို တွေ့ရှိရ၍ အပြည်ပြည်ဆိုင်ရာဥပဒေတစ်ရပ်သည် နိုင်ငံတော်က အတည်ပြု ပါဝင်ချုပ်ဆိုသည့်မှုဖြင့် အလိုအလျောက် ပြည်တွင်းဥပဒေတစ်ရပ်ဖြစ်မလာဘဲ နိုင်ငံတွင်း

[139] Article 5(2) of the Constitution of the Kazakhstan, 1995

[140] Article 5(4) of the Constitution of the Kazakhstan, 1995

သီးခြား ဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီးမှသာ နိုင်ငံတစ်လွှားတွင် အာဏာသက်ရောက်သည်ကို တွေ့ရ၍ အချုပ်အခြာအာဏာ (Sovereign) ကို အလေးဂရုပြုကြောင်း တွေ့ရပါသည်။[141]

(ခ) ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၄ အပိုဒ်ခွဲ ၁ တွင် ကာဇက်စတန်သမ္မတ နိုင်ငံ၏အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် အပြည်ပြည်ဆိုင်ရာစာချုပ်နှင့် ဥပဒေများကို လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုပါဝင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းမပြုနိုင်ဟု ပြဋ္ဌာန်း ထား၍ အခြေခံဥပဒေ၏ လွှမ်းမိုးမှုနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို အခြေခံဥပဒေဖြင့် စည်းတားထိန်းချုပ်ထားကြောင်း ဥပဒေကြောင်းအရ သုံးသပ်ရရှိပါ သည်။

(ဂ) သို့ရာတွင် ကာဇက်စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈ အရ အပြည်ပြည် ဆိုင်ရာဥပဒေ၏ စံနှုန်းများကို လေးစားရမည်ဟုလည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများအပေါ် ကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်မည်၊ တန်းတူညီမျှမှုနှင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်မှုများအပြင် ကာဇက်စတန်နိုင်ငံက ကနဦး လက်နက်အသုံးချမှုကို ငြင်းပယ်ကြောင်း အခြေခံမူအဖြစ် ဖော်ပြ ထားရာ နိုင်ငံတကာတွင် ငြိမ်းချမ်းစွာအစဉ်အမြဲ ယှဉ်တွဲနေထိုင်ရေးမူနှင့် ပြည်တွင်းရေးစွက်ဖက်မှု ကို ဆန့်ကျင်သည့်မူတို့ဖြင့် နေထိုင်ကျင့်သုံးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ကို တည်တံ့စေရန် အခြေခံမူချမှတ်၍ ဥပဒေကြောင်းအရ ကာကွယ်ထားကြောင်း တွေ့ရပါသည်။

(ဃ) ထို့အပြင် ကာဇက်စတန်နိုင်ငံသည် လူမျိုးအားဖြင့်လည်းကောင်း၊ ဘာသာရေးအားဖြင့် လည်းကောင်း မတူကွဲပြားမှုများရှိနေရာ ပြည်တွင်းတွင် ဒီမိုကရေစီလမ်းစဉ်ကို ကျင့်သုံးရာ၌ ပြည်တွင်း မငြိမ်မသက်ဖြစ်မှုမှ တားဆီးကာကွယ်နိုင်သည့်မူကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပိုဒ် ၁ ၌ ပြဋ္ဌာန်း ထားသည်ကို တွေ့ရပါသည်။ ယင်းမှာ ကာဇက်စတန်နိုင်ငံသည် ဒီမိုကရက်တစ် နိုင်ငံရေးရာနှင့် ဘာသာရေးကို ပိုင်းခြားထားသော ဘာသာရေးလွှမ်းမိုးမှုကင်းသည့် (Secular)၊ ဥပဒေ၊ လူမှုရေး နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံသားများအားလုံး၏ အကျိုးစီးပွားအတွက် စီးပွားရေးဖွံ့ဖြိုးမှု၊ နိုင်ငံရေး တည်ငြိမ်မှု၊ အများပြည်သူ သဟဇာတညီညွတ်မှု အပါအဝင် အခြေခံမူများနှင့် အရေးကြီးသော နိုင်ငံတော် အရေးအရာများကို ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါလီမန်အတွင်း၌ သို့မဟုတ် အမျိုးသား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် မဲပေးခြင်းအပါအဝင် ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ရန်ဟု ဖော်ပြသတ်မှတ်ထားကြောင်း တွေ့ရပါသည်။

---

141 Article 4 (3) of the Constitution of the Kazakhstan, 1995

## (င) အထွေထွေသုံးသပ်ချက်

၈၅။ ကာဇက်စတန်ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံထားသည်မှာ အချုပ်အခြာ အာဏာကို တစ်စုတစ်စည်းတည်း စည်းလုံးညီညွတ်မှုရှိရမည်။ ယင်းအာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင် ဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံရမည်ဖြစ်ကြောင်းနှင့် တစ်ဆက်တစ်စပ်တည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍအသီးသီးကို ပိုင်းခြားသည့်မူကို ကျင့်သုံး၍ ယင်းကဏ္ဍအသီးသီးတို့အကြား အပြန်အလှန် စိစစ်ထိန်းကျောင်းမှုစနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃ အပိုဒ်ခွဲ ၄ တွင် ပြဋ္ဌာန်းထားကြောင်းတွေ့ရ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စည်းကမ်းဘောင်အတွင်းမှသာ ကျင့်သုံးဆောင်ရွက်ကြသည့်မူကို တွေ့မြင်ရပါသည်။[142]

၈၆။ အချုပ်အားဖြင့် လေ့လာသုံးသပ်ရသော် ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အချုပ်အခြာအာဏာနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်တွင်းရေးရာများ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ရာတွင် အခြေခံဥပဒေက ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှုကျင့်စဉ်၊ အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများအပေါ် လေးစားမှုနှင့် ပြည်တွင်းရေးရာများတွင် ပြည်ပမှဝင်ရောက်စွက်ဖက်မှုကို ကာကွယ်တားဆီးသည့် မူများဖြင့် ကျင့်သုံး အကောင်အထည်ဖော်လျက်ရှိသည်ဟု အခြေခံဥပဒေရှုထောင့်မှ သုံးသပ်ရရှိပါသည်။ အဆိုပါ အခြေခံဥပဒေပြဋ္ဌာန်းချက်များသည် နိုင်ငံအတွင်း၌ မတူကွဲပြားမှုများအကြား အားလုံးအပေါ် စည်းလုံးညီညွတ်မှုဖြင့်တည်ငြိမ်မှုကို တည်ဆောက်ထိန်းသိမ်းနိုင်မှုဖြင့် ယင်းဥပဒေစိုးမိုးမှုကို ကာကွယ်စောင့်ရှောက်နိုင်အောင် ပေးစွမ်းနိုင်သည်ဟု သုံးသပ်ရရှိပါသည်။

၈၇။ ကာဇက်စတန်သမ္မတနိုင်ငံတွင် ၎င်း၏အချုပ်အခြာအာဏာသည် နယ်မြေတစ်ဝှမ်းလုံးအပေါ် အာဏာသက်ရောက်စေပြီး နယ်မြေပိုင်နက်တည်တံ့ခိုင်မြဲမှု၊ ထာဝရတည်မြဲခြင်းနှင့် ပြောင်းလဲ၍ မရနိုင်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၈၈။ ကာဇက်စတန်သမ္မတနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံဖြစ်သော်လည်း ပြည်နယ် ၁၇ ပြည်နယ်နှင့် အထင်ကရမြို့ ၃ မြို့များတွင် မြို့တော်ဝန်များ ခန့်အပ်ပြီး ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသန္တရလွှတ်တော်များထားရှိကာ သက်ဆိုင်ရာနယ်မြေဒေသအသီးသီး၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးများကို ဆောင်ရွက်လျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

၈၉။ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးသောဥပဒေ (Supremacy) ဖြစ်သည် ဆိုသောအချက်ကို

[142] Article 3(4) of the Constitution of the Kazakhstan, 1995

အတိအလင်းဖော်ပြ ပြဋ္ဌာန်းခဲ့သည်သာမက ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာကျင့်သုံးရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွဲဝေထားသော နိုင်ငံတော်အာဏာများကို ကျင့်သုံးဆောင်ရွက်သည့် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှသာ ကျင့်သုံးရမည်ဆိုသော မူကို မဖြစ်မနေ လိုက်နာကျင့်သုံးရန် Mandatory Clause အဖြစ်လည်းကောင်း Prohibition Clause အဖြစ်လည်းကောင်း ထည့်သွင်းပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။ မိမိတို့၏ အတွေ့အကြုံများအရ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဤကဲ့သို့သော Prohibition Clause မျိုးကို တွေ့ရခဲသည့် ထူးခြားချက်ဟု သုံးသပ်ပါသည်။

၉၀။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် အခြေခံမူသဘောတရားများ၊ အစိုးရအဖွဲ့ဖွဲ့စည်းခြင်း၊ နိုင်ငံလွတ်လပ်မှု၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ ၇ နှစ်သက်တမ်းအတွက် နိုင်ငံတော်သမ္မတကို ရွေးကောက်တင်မြှောက်သည့် ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်သမ္မတက တစ်ကြိမ်ထက်ပို၍ ရွေးကောက်တင်မြှောက်ခြင်း မပြုရဆိုသော ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပြောင်းလဲပြင်ဆင်၍ မရနိုင်ကြောင်း (Unamendable Clause) ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

**နိဂုံး**

၉၁။ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာခြင်းအားဖြင့် သမိုင်းအစဉ်အဆက်တွင် ရရှိခဲ့သည့်အတွေ့အကြုံများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း တည်ရှိစဉ် ကတည်းက ပြည်ပဆက်ဆံရေးနှင့် ကာကွယ်ရေးကိစ္စများမှအပ ကျန်ကိစ္စရပ်များကို ဆောင်ရွက်နိုင်သည့် သမ္မတနိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ၁၉၂၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ Sub- State Constitution များပြဋ္ဌာန်း၍ ဆောင်ရွက်ခဲ့သည့် အလေ့အထအတွေ့အကြုံများရရှိခဲ့ပါသည်။ ဆိုဗီယက်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄ ပါကိစ္စများမှလွဲ၍ ကျန်ကိစ္စရပ်များကို အလုံးစုံဆောင်ရွက်နိုင်သည့် အတွေ့အကြုံများနှင့် ပထဝီအနေအထားအရ ဥရောပနှင့်လည်း ဆက်စပ်နေသည့်အတွက် ဥရောပအတွေ့အကြုံများနှင့်ပေါင်းစပ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရန်အတွက် ၎င်းယခုလက်ရှိကျင့်သုံးနေသည့် ၁၉၉၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်း၍ တည်ဆောက်နိုင်ခဲ့ပါသည်။ ထိုကဲ့သို့ တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ ၃ ရပ်ဖြစ်သည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကို အပိုင်း ၃ ပိုင်းခွဲကာ အပြန်အလှန်ထိန်းကျောင်းသည့်အပြင် Constitutional Supermacy ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court) တည်ထောင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်သည့် တရားစီရင်ရေးယန္တရား ထူထောင်ခြင်းဖြင့် ယင်း Constitution တွင် မိမိ၏ အချုပ်အခြာအာဏာ (Sovereignty) ကို တည်တံ့ခိုင်မြဲစေရေးနှင့် ပထဝီနိုင်ငံရေးအရ

အိမ်နီးချင်းများနှင့် သဟဇာတဖြစ်ရေး၊ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို တားဆီး၍ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်သည်ဟု လေ့လာတင်ပြအပ်ပါသည်။

# ကျမ်းကိုးစာရင်း

၁။ Constitution of the Kazakhstan, 1995

၂။ https://en.wikipedia.org/wiki/Kazakhstan

၃။ https://en.wikipedia.org/wiki/Mazhilis

၄။ https://www.gov.kz/memleket/entities/ksrk/press/article/details/57767?lang=en

၅။ https://en.wikipedia.org/wiki/Senate_of_Kazakhstan

၆။ https://my.wikipedia.org/wiki/ကာဇက်စတန်

၇။ https://en.wikipedia.org/wiki/History_of_Kazakhstan

၈။ Encyclopedia of world constitutions

၉။ The history of the Constitution of the Republic of Kazakhstan | Special projects (e-history.kz)